www.burmeseclassic.com

နုမိုးစာပေ

# ညှင်း

## အိမ်ပြေကိုယ်

BURMESE CLASSIC .com

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လူငနဲ

## သီဇကိုယ်

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း -
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယာအော့ဖ်ဆက်
၆၀၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်။
အတွင်းဖလင် - ဦးတွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဇွန်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်


လူနေ
အီဖေကိုယ် / လူနေ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၉၃- စာ ၊ ၁၂. ၅ × ၁၈. ၅ စင်တီ၊
(၁) အီဖေကိုယ်


BURMESE CLASSIC .com

လမ်းမပေါ်တွင် လူငယ်နှစ်ယောက် အငြင်းအခုန် ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအငြင်းအခုန် ဖြစ်နေသောပွဲကို လမ်းသွားလမ်းလာများက ရပ်ကြည့်နေကြရာ မကြာမီအချိန်တွင် ကြည့်ရှုသူ တော်တော်များလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ငါက သူ့ကို မင်းချစ်တာထက် ပိုချစ်တာကွ"

"အံမယ်. . . အဲ့ဒီလိုပြောရအောင် မင်းက သူ့ကို ဘယ်လောက်ချစ်လို့လဲ"

"ရှုးလောက်အောင် ချစ်တယ်ဆိုတဲ့စကားကိုတော့ မင်းကြားဖူးမှာပေါ့"

"ကြားဖူးပ. . . ဘာလဲ မင်းက သူ့ကို ရှုးလောက်အောင် ချစ်လို့လား"

"အဲ့ဒီထက် ပိုတယ်. . . ငါက သူ့ကို သေလောက်အောင် ချစ်တာ. . . သိပြီလား"

"ဒါဆို မင်းနဲ့သူနဲ့ ညားမှာမဟုတ်ဘူး၊ ငါနဲ့ပဲ ညားလိမ့်မယ်"

"ဘာကွ. . . ဘာဆိုင်လို့ မင်းနဲ့ပဲ ညားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သေလောက်အောင် ချစ်တာဆိုတော့ သူ့ကို ရရင်တောင် မင်းက သေနေပြီလေ. . . ဒီတော့. . . ဟဲ. . . ဟဲ၊ ငါက သူ့ကို ရှူးလောက်အောင်ပဲ ချစ်တာဆိုတော့ သူက အရှူးနဲ့ပဲ လက်ထပ်ရမှာပေါ့"

"အဲ့ဒီလိုကြေးသာဆိုရင် မင်းနဲ့လည်း ညားမှာမဟုတ်ဘူး"

"အင်. . . ဘာဖြစ်ရပြန်တာလဲ"

"သူက အရူးဆိုရင် ကြောက်တယ်ကွ၊ ဒီတော့ မင်းကို ယူမှာမဟုတ်ဘူး"

အဲဒီလိုနဲ့ ငြင်းခုန်နေလိုက်ကြတာ တော်တော်နဲ့ကို မပြီး တော့ဘူး။ ကြာလာတော့ ရပ်ကြည့်နေတဲ့လူတွေက စိတ်မရှည်နိုင် တော့ဘဲ-

"ဟေ့ကောင်တွေ မင်းတို့ စကားနိုင်လုနေတာ ကြာပြီ၊ ငါတို့ ရပ်ကြည့်နေတာလည်း ညောင်းနေပြီ၊ နေပါဦး. . . မင်းတို့က ဘယ်ကောင်မလေးကို ဒီလောက်အထိ အသည်းအသန် ချစ်နေရ တာလဲ၊ ငါတို့လည်း ဘယ်သူတုံး. . . ဘယ်သူတုံးဆိုပြီး သိန်း သိန်းနဲ့ စောင့်နေရတာကွ"

ဟု ပြောယူရတဲ့အထိ ဖြစ်လာလေ၏။

ဟုတ်တော့လည်း ဟုတ်သည်။ သူတို့နှစ်ယောက် ငြင်းသာ ငြင်းနေကြတာ။ ဘယ်သူဘယ်သူဆိုတာကို နာမည်တပ်မပြောကြဘူး ဖြစ်နေသည်။



ကျန်ရပ်ကြည့်နေသူများကလည်း တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြသောကြောင့် ငြင်းခုန်နေသော လူငယ်နှစ်ဦးမှာ ရပ်သွား၏။

"ကဲ. . . ပြော. . . ဘယ်သူလဲ"

ထိုအခါကျတော့လည်း မင်းပြောလိုက်၊ ငါပြောလိုက်နှင့် ဖြစ်နေကြသေးသည်။ စိတ်မရှည်သော လူတစ်ယောက်က-

"အာ. . . တော်ကြပါတော့. . . မောင်ဖေ မင်းအရင်ပြော"

ဟု ဆိုလိုက်မှပင် မောင်ဖေဆိုသော လူငယ်က မဆိုင်း မတွဘဲ ပြောချလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

“ဦးလေကောသမီး ချိုအိကို ပြောတာပါ”

www.burmeseclassic.com

www.burmeseclassic.com

(၂)

"ဒါဆို မင်းတို့နှစ်ယောက် သူ့ကိုချစ်နေတာ သူသိပြီးပြီပေါ့"

"ဟင့်အင်း. . . သိသေးဘူး"

"ဟာကွာ. . . . ဒါနဲ့များ ဘယ်သူက ပိုချစ်တယ်လေး ဘာလေးနဲ့ ငြင်းနေကြသေးတယ်"

"မငြင်းလို့မရဘူး ဦးလေးရဲ့၊ ဒီကောင် မောင်ကိုက အရင် စပြောလို့ ကျွန်တော်က သူ့ထက်ပိုချစ်ကြောင်း ပြန်ပြောနေရတာ"

အားလုံးကလည်း မောင်ဖေနဲ့ မောင်ကိုအကြောင်းကို သိပြီးကြသူများဖြစ်သောကြောင့် တချို့က ရယ်ကျဲကျဲလုပ်နေကြ၏။

"အချင်းချင်းတွေပဲကွာ ငြင်းမနေကြပါနဲ့"

"အာ. . . မရဘူး ဦးလေးရဲ့၊ ဒီကောင်မောင်ဖေက အချင်းချင်းရော ဘာရော သိတာမဟုတ်ဘူး၊ ဖွတ်ငြင်းနေတာ. . . ပြီးတော့ ပြောသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလဲ"

"မင်း အသိဉာဏ်က ဘူးသီးလောက်ပဲ ရှိတယ်တဲ့၊ အဲ့ဒါကို ခံပြင်းနေတာ"

"ဟင်. . . ကောင်းသားပဲ၊ ဘူးသီးက ကြီးတယ်လေ၊ မင်း အသိဉာဏ် ကြီးတယ်လို့ ပြောတာဟုတ်ဘူးလား"

"မဟုတ်ဘူး ဦးလေးရဲ့၊ ဒီကောင်က သူ့အသိဉာဏ်ကျတော့ အုန်းသီးနဲ့ တူတယ်တဲ့"

"ရှုပ်ကုန်ပြီ. . . ပြောစမ်းပါဦး အဲ့ဒါနဲ့ပတ်သက်ပြီး ဘာမခံချင် ဖြစ်နေရတာလဲ"

"သူဆိုလိုတာ ကျွန်တော်သိတယ်"

"အေး. . . ပြောပါဦး"

"ဘူးသီးဆိုရင် နုတယ် ပျော့တယ်လေ"

"အင်း. . . ဟုတ်တယ်လေ"

"ဒီတော့ ကျွန်တော့်အသိဉာဏ်က နုတယ်၊ ပြီးတော့ အုန်းသီးက မာတယ်၊ ရင့်တယ်ဆိုတော့ သူ့အသိဉာဏ်က ရင့်ကျက်တယ် ဖြစ်နေဘူးလား"

"အေး. . . ဟုတ်သလိုလိုပဲကွ"

"ဒါပေမယ့် ကျွန်တော်က ဒီကောင့်ကို အနိုင်မယူချင်လို့၊ အနိုင်ယူချင် အပျော့ပဲဗျ"

"ဟေ. . . ဘယ်လိုမျိုးလဲ"



"အုန်းသီးက အရည်ပဲရှိတယ်လေ၊ ဒီတော့ ဒီကောင့် ဦးနှောက်မှာ အရည်တွေကြီးပဲလို့ ပြောလိုက်ရင် မပြီးဘူးလား"

"ဟုတ်သားပဲ၊ အဲ့ဒါ ဘာဖြစ်လို့ မပြောလဲ"

"အဲ့ဒီလိုကျရင်လည်း သူက ပြောဦးမှာဗျ"

"ဘာပြောမှာလဲ"

"အဲ့ဒီအရည်ကိုပဲ လူတွေက တခုတ်တရနဲ့ သောက်သုံးချင် နေကြတာဆိုပြီးတော့ပေါ့"

မောင်ကို့စကားကို အားလုံးက ဝိုင်းရယ်လိုက်ကြသည်။

"အေးပါကွာ. . . ဒီတော့ မင်းတို့က ဆက်ငြင်းကြမယ်ပေါ့"

မောင်ဖေက-

"အဲ့ဒီလိုကြီးလည်း မဟုတ်ပါဘူး၊ ငြင်းတာကတော့ အတိုင်းအတာတစ်ခုထိပဲ ငြင်းဖို့စဉ်းစားထားပါတယ်"

"အံမယ်. . . စကားက တယ်ဟုတ်ပါလား၊ ပြောပါဦး မငြင်းတော့ရင် မင်းတို့နှစ်ယောက်က ဘာဆက်လုပ်ကြမှာလဲ"

"ကောင်မလေးကို သူ့အဖေဆီမှာ သွားတောင်းမယ်လေ"

"ဟင်. . . နှစ်ယောက်လုံးလား"

အားလုံး မျက်လုံးပြူးသွားကြ၏။

"ဟုတ်တယ်"

"ဖြစ်. . . ဖြစ်ပါ့မလား"

"ဒါကတော့ သူ့အဖေနဲ့ သူ့သမီးသဘော ဖြစ်သွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရဲ့. . . ကျွန်တော်တို့နှစ်ယောက်ထဲက သူတို့သဘောကျတဲ့ သူကို ရွေးပစေပေါ့"

"အင်"

■

မောင်ဖေ

www.burmeseclassic.com

www.burmeseclassic.com

## (က)

သူကတော့ ဒီရွာမှာ အေးဆေးပါပဲ။ မိဘတွေ ဆုံးသွားပြီး ဆွေမျိုးမရှိ တစ်ကောင်ကြွက်ပေါ့။ မိဘတွေ ချန်ထားခဲ့တဲ့ ပစ္စည်းတွေ၊ အငှားချထားခဲ့တဲ့ လယ်တွေဆီကရတဲ့ ဝင်ငွေနဲ့ ရပ်တည်နေတဲ့ သူတစ်ယောက်ဖြစ်သည်။

သူ့တစ်ယောက်စာအပြင် ပိုပိုလျှံလျှံ စုမိဆောင်းမိလည်း ရှိပါသည်။ သူက အားရင် စာဖတ်သည်။ ပုဂ္ဂလိက စာကြည့်တိုက် ဆိုပြီးလည်း စာကြည့်တိုက်လေးတစ်ခု ထောင်ထားသေး၏။

စျေးနှုန်းချိုသာစွာနဲ့ ငှားရမ်းဖတ်ရှုနိုင်အောင် စီစဉ်ပေးထားသည်။ ရွာမှာ စာဖတ်တဲ့သူများအောင် လုပ်ပေးတဲ့ စာကြည့်တိုက် ဆိုရင်လည်း မမှားဘူးပေါ့။

သူက ရွာမှာရှိတဲ့ ပညာတတ်အနည်းငယ်တွေထဲက တစ်ယောက်လည်းဖြစ်သည်။ စာလေးဘာလေးတွေဖတ်တော့ လူတွေက

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်တာတို့၊ ကိစ္စတစ်ခုခု စဉ်းစားစရာရှိတာတို့ဆိုရင် သူ့သွားမေးတာလည်း ရှိတတ်သည်။

သူကလည်း တတ်နိုင်သလောက်တော့ ပြောပြရှာပါသည်။ သူမတတ်နိုင်ရင်လည်း တကူးတကရှာပြီး ဖြေရှင်းပေးတတ်သည်။

တစ်ခါတုန်းကဆိုရင် ရွာမှာရှိတဲ့ အဘိုးကြီးလင်မယားနှစ်ယောက်က မောင်ဖေကို လာတွေ့သည်။

"မောင်ဖေ"

"ဗျာ. . . အဘိုး ဘာအလိုရှိလို့လဲ"

အိမ်ရှေ့သစ်ပင်အောက်ရှိ ခုံမှာ ဝင်ထိုင်ရင်း အဘိုးကြီးက ပြောလိုက်ခြင်းဖြစ်၏။

"မင်း. . . ပြောစရာရှိလို့"

"ဟုတ်ကဲ့. . . ဘာများလဲ အဘိုး"

"အိမ်က ကောင်တွေပေါ့"

အိမ်ကကောင်တွေဆိုတာ သူ့သားသမီးတွေကို ဆိုလိုခြင်းဖြစ်သည်။ သား၊ သမီးကြီးပဲ ငါးယောက်ရှိ၏။

"သူတို့က ဘာဖြစ်လို့လဲ"

"အမွေတောင်းနေလို့"

"ဟင်. . . အဘိုးတို့ကဖြင့် ဘာမှ မဖြစ်သေးဘူး"

အဘိုးကြီးက ခေါင်းခါသည်။ အဘိုးကြီး၏ သားသမီးတွေဆိုးကြောင်းကိုတော့ မောင်ဖေသိသည်။



သမီးနှစ်ယောက်ပါ၏။ ထိုပါသော သမီးနှစ်ယောက်မှာလည်း သူ့ဟာနဲ့သူ ဆိုးကြသည်။

"သူတို့က အဖေရယ်. . . အဖေဆုံးလည်း သားတို့၊ သမီးတို့ပဲ ရမှာပဲ၊ အခုကတည်းက ပေးထားရင် နောက်ဆို အချင်းချင်း မလုရတော့ဘူးပေါ့တဲ့"

"အဲ့ဒီတော့ အဘိုးက သူတို့ကို အမွေမပေးချင်လို့လား"

အဘိုးကြီးက ခေါင်းထပ်ခါပြသည်။

"အဲ့ဒီလိုမဟုတ်ပါဘူး သား၊ သမီးတွေပဲဥစ္စာ ပေးချင်တာပေါ့၊ ဒါပေမယ့် အဘိုးတို့ပေါ် ကောင်းတဲ့ သားသမီးကိုတော့ များများလေး ပေးခဲ့ချင်တယ်"

". . . . . . . . . . ."

"ဒါပေမယ့် အခုထိ အဘိုးတို့အပေါ်ကို ကောင်းတဲ့ သားသမီး မတွေ့သေးဘူး"

ဒီတစ်ခါတော့ မောင်ဖေ ခေါင်းညိတ်ရသည့်အလှည့် ဖြစ်သည်။ အဘိုးကြီးပြောတာလည်း ဟုတ်တော့ဟုတ်သည်။

မိမိအပေါ် ကောင်းတဲ့ သားသမီးကိုတော့ များများပေးခဲ့ချင်တာပေါ့။

ဆိုးတာက အဘိုးကြီးမှာ ကောင်းတဲ့သားသမီး မရှိတာပင် ဖြစ်သည်။ အလုပ်တွေကလည်း လုပ်တလှည့် မလုပ်တလှည့် သားသမီးတွေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ကျွန်တော်က ဘာကူညီရမလဲ အဘိုး"

သူက ထိုသို့မေးတော့ အဘိုးကြီးရဲ့ သက်ပြင်းချသံသဲ့သဲ့လေးကို ကြားရသည်။

အသက်ကြီးမှ ပူပင်မှုတွေ များနေသော အဘိုးကြီး၊ အဘွားကြီး စုံတွဲကိုကြည့်ပြီး တော်တော်လေးလည်း စိတ်မကောင်းဖြစ်သွားသည်။

"အဘိုးတို့အပေါ် ကောင်းတဲ့ သားသမီးကို အဘိုးတို့ ဘယ်လိုလုပ် သိနိုင်မလဲဆိုတာ မင်းနဲ့ လာတိုင်ပင်တာ၊ မင်းက စာလေးဘာလေး ဖတ်တော့"

ဒီတစ်ခါတော့ မောင်ဖေ စိတ်ညစ်ရသည့်အလှည့်ဖြစ်သည်။ မိဘကိုယ်တိုင်တောင် မိမိအပေါ် ကောင်းတဲ့ သားသမီးကို မရှာနိုင်တာ သူဆို ဝေလာဝေးပေါ့။

သို့သော် အဘိုးကြီးနဲ့ အဘွားကြီးက အားကိုးတကြီး လာတိုင်ပင်တော့ မောင်ဖေမှာ အခက်တွေ့နေလေ၏။

မဖြစ်ဖြစ်အောင်တော့ ကူညီရသည်။

"အဲ... အဘိုးတို့ကိုယ်တိုင်တောင် မသိတော့ ကျွန်တော်က ပိုဆိုးပေါ့၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားမိတယ်"

"အေးကွယ်... ပြောကြည့်ပါဦး"

"အဘိုးတို့အပေါ်ကို သူတို့ ကောင်းမကောင်း စမ်းကြည့်လို့တော့ ရမယ်ထင်တယ်"



"ဟေ... အဲ့ဒီလိုရလား"

အဘိုးကြီးနဲ့ အဘွားကြီးမှာ အားတက်သရော ဖြစ်သွား၏။

"သေချာတော့ မပြောတတ်ဘူး၊ ဒါပေမယ့် စမ်းကြည့်သင့်တယ်လို့ ထင်တယ်"

"လုပ်စမ်းပါဦး ဘာပဲဖြစ်ဖြစ်"

"ပထမဆုံး ငါတို့မှာ အကြွေးတွေရှိတယ်ဆိုပြီး အဘိုးတို့ရဲ့ သားသမီးတွေကို ပြောရမယ်"

"ဟင်... ယုံပါ့မလား၊ အိမ်တွေ၊ လယ်တွေရှိနေတယ်၊ အဲ့ဒါတွေကို သူတို့က သိနေလို့ အမွေတောင်းတာလေ၊ အခုလို သွားပြောတော့ ယုံပါ့မလား"

"ယုံအောင်လုပ်လို့ ရပါတယ် အဘိုးရဲ့"

"ဘယ်လိုလုပ်မလဲ"

"အတိုးပေးစားတဲ့ ဒေါ်မြသီးရယ်၊ ပြီးတော့ လူကြီးအချို့ရယ်ကို အကူအညီတောင်းရမယ်၊ ကဲပါလေ... ကျွန်တော်ပဲ စီစဉ်ပေးပါ့မယ်၊ အဘိုးနဲ့ အဘွားကသာ ကျွန်တော်ပြောတဲ့အတိုင်းသာလုပ်၊ အဲ့ဒီလို စမ်းသပ်လိုက်လို့ သားသမီးတွေက အဘိုးတို့ အဘွားတို့အပေါ် ကောင်း၊ မကောင်း သိလိမ့်မယ်"

"အေးလေ... မောင်ဖေပြောတဲ့အတိုင်း လုပ်ကြည့်ရတာပေါ့"

■

www.burmeseclassic.com

www.burmeseclassic.com

## (ခ)

အဲ့ဒီကိစ္စကို မောင်ဖေ ဖြေရှင်းသွားတာက ရိုးရှင်းပါသည်။ အဘိုးကြီးနဲ့ အဘွားကြီးတို့ဆီက ရှိသမျှပစ္စည်းတွေကို ဒေါ်မြသီးက အပေါင်ခံထားသည်။ လူကြီးတွေလည်း သက်သေရှိသည်။ သားသမီးတွေက သူတို့လည်း မသိရပါလားဆိုပါက နင်တို့က အိမ်ကကိစ္စတွေကို ဘယ်တုန်းက စိတ်ဝင်စားလို့လဲဆိုလိုက်၍ ကိစ္စပြတ်သွားသည်။

ဒေါ်မြသီးက နေ့စဉ်နေ့တိုင်း အဘိုးကြီးတို့အိမ်မှာ အကြွေးလာတောင်းသည်။ မဆပ်ပါက ရှိသမျှ သိမ်းမည်ဟုပြောသည်။ လူကြီးတွေလည်း သက်သေရှိတယ်ဆိုတော့ အမွေတောင်းသောသား၊ သမီးများမှာ မယုံရခက် ယုံရခက်ဖြစ်နေ၏။

သူ့အဖေအမေတွေဆီမှာ ပစ္စည်းတွေ ရှိနေသည်ဆိုသော အသိကြောင့်သာ အမွေတောင်းကြခြင်းဖြစ်သည်။ အခုတော့ အမွေတွေမရှိဘဲ အကြွေးတွေသာ ရှိနေသောကြောင့် အတော်လေးကို



စိတ်ညစ်သွားကြသည်။

ကြာလာတော့ မိဘတွေကိုတောင် မကျေမနပ်ဖြစ်လာကြသည်။ တွေ့တိုင်းလည်း အမေတို့၊ အဖေတို့က သားတို့သမီးတို့ကို အမွေမပေးချင်လို့ ဒီဘဝမှာတင် ကုန်အောင်သုံးခဲ့တာလားဟု ရိသဲ့ ရိသဲ့ ပြောကြသည်အထိ ဖြစ်လာကြသည်။

အဘိုးကြီးအဘွားကြီးမှာလည်း သားသမီးတွေဟာ သူတို့အပေါ် မကောင်းကြပါလားဆိုတာကို သိလိုက်ရ၍ တော်တော်လေး ဝမ်းနည်းသွားကြလေ၏။

သို့သော် အရွယ်ရောက်နေပြီဖြစ်သော အငယ်ဆုံးသမီးလေးကတော့ အနည်းငယ် ပုံစံပြောင်းသွားတာကို တွေ့ရ၏။

အခြားအကြီးတွေလို အမွေကိစ္စကို တွေ့တိုင်းလည်း မပြောတော့ပေ။ ဒေါ်မြသီး အကြွေးလာတောင်းသည့်အခါတွင်လည်း ခပ်လှမ်းလှမ်းတွင်ထိုင်ပြီး သူ့အဖေအမေကို ကြည့်နေတတ်သည်။

နောက်ဆုံးတွင် မောင်ဖေက ဒေါ်မြသီးအား အဘိုးကြီးအဘွားကြီး အကြွေးတွေသည် များလွန်းလှသော (အတိုး)တွေကြောင့် ပစ္စည်းသိမ်းယူသော်လည်း မကြေသောကြောင့် မိဘတာဝန်ကို ကျန်ရှိသားသမီးက ဖြေရှင်းရမည်ဆိုတဲ့အတိုင်း မိဘဆုံးလျှင် ကျန်ခဲ့သောအကြွေးကို သားသမီးက ဆပ်ပေးရမည်ဆိုပြီး ပြောခိုင်းလိုက်၏။

ထိုအခါတွင် မိသားစုတွင်း တော်တော်လေး ဂယက်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ဘာဆိုင်လို့လဲ၊ ဘာလဲတွေ ဖြစ်လာသည်။ အဖေတို့ အမေတို့ကိစ္စ မသေခင် ကိုယ့်ဘာကိုယ် ရှင်းသွားကြဆိုပြီး ဖြစ်လာသည်။

ဒီလိုနဲ့. . .

■

(၈)

"မောင်ဖေ"

"ဗျာ"

"ကျေးဇူးပါပဲကွာ"

"အဆင်ပြေသွားပြီလားအဘိုး"

"အေး. . . ပြေသွားပြီကွ"

အဘိုးကြီးရဲ့ စကားတွေက အရင်ကထက် ပိုပြီးလန်းလာသည်။

"ဘယ်လို ပြေသွားတာလဲ"

"သမီးအငယ်ဆုံးက အဖေနဲ့အမေ စိတ်ဆင်းရဲနေတာကို မကြည့်ရက်လို့ ကျန်တဲ့အကြွေးတွေ သူတာဝန်ယူပြီး ဆပ်ပေးပါမယ်တဲ့၊ အစ်မတွေကိုလည်း တတ်နိုင်သလောက် ဆပ်ပေးဖို့ လိုက်စည်းရုံး

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကျန်တဲ့လူတွေက နင့်ဘာသာ နင်ဆပ်၊ ငါတို့က မဆပ်ပေးနိုင်ဘူး ပြောလွှတ်တော့ သူတစ်ယောက်တည်း ဆပ်ပေးပါ မယ်တဲ့၊ အဖေနဲ့အမေနဲ့သေရင် သူများဆီမှာ အကြွေးမတင်စေချင် လို့ပါတဲ့၊ အရင်တုန်းက အခြားအစ်ကို၊ အစ်မတွေလို အမွေတောင်းခဲ့မိတာလည်း ခွင့်လွှတ်ပါဆိုပြီး ငိုပြီးပြောတယ်ကွဲ့"

"ဟာ. . . ဒါဆို အဘိုးတို့ကို တကယ်ကောင်းတဲ့ အငယ်မပဲပေါ့"

"အေး. . . ဟုတ်တယ်၊ အခုတော့ အမှန်ကို သူတို့အားလုံးကို ဖွင့်ပြောလိုက်ပြီ၊ အဲ့ဒီလိုသိသွားတော့ တချို့ကငိုကြ၊ တချို့က အဲ့ဒီလို မဟုတ်ပါဘူး အဖေရယ်၊ အမေရယ်နဲ့ကွာ၊ ငါတော့ တရားကျပါတယ်"

"နောက်ဆုံး အဘိုး ဘယ်လိုဖြေရှင်းလိုက်လဲ"

"သမီးအငယ်ဆုံးကို တော်တော်များများပေးပြီး ကျန်တဲ့ဟာတွေကို သားသမီးဆိုတော့ မပေးဘဲလည်း မနေနိုင်တော့ နည်းနည်းစီ ပေးတယ်၊ ပြီးတော့ အဘိုးတို့ အသက်ရှင်နေတုန်းလေး တရားဘာဝနာ လုပ်ဖို့၊ လှူဖို့တန်းဖို့အတွက်ပဲ ချန်ထားတယ်. . . အဲ့ဒါ မင်းကို ကျေးဇူးတင်ကြောင်း လာပြောရင်းနဲ့ မင်းကို လက်ဆောင်ပေးချင်လို့"

"အာ. . . ရပါတယ် အဘိုးရဲ့"

"ပြောပါကွာ၊ မင်း ဘာလိုချင်လဲ"



"မလိုချင်ပါဘူး အဘိုးရယ်၊ ကျွန်တော် စေတနာနဲ့ ကူညီတာပါ"

"အေးပါ. . . တို့ကလည်း စေတနာနဲ့ လက်ဆောင်ပြန်ပေးချင်လို့ ပြောတာပါ၊ အဘိုးတို့ပေးရင် မင်း မလိုချင်တာဖြစ်နေမှာစိုးလို့"

အဘိုးကြီးနဲ့ အဘွားကြီးက အတင်းအကြပ် ပြောနေသောကြောင့် မောင်ဖေလည်း တစ်ခါတုန်းက အဘိုးကြီးနဲ့ အဘွားကြီးဆီမှာ တွေ့ဖူးသည့် ရာဘာကျည်ဆန်များကို အမှတ်တရလက်ဆောင်အဖြစ် တောင်းထားလိုက်၏။

အဲ့ဒီလိုနဲ့ မောင်ဖေလည်း ရွာမှာ ဟိုလူလာတိုင်ပင်လိုက်၊ ဒီလူလာတိုင်ပင်လိုက်နဲ့ ဖြစ်နေတော့တာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

မောင်ကို

www.burmeseclassic.com

www.burmeseclassic.com

## ( က)

မောင်ကိုလည်း ရွာမှာ နာမည်ကြီးတစ်ယောက်ဖြစ်သည်။ မောင်ဖေနဲ့ဆိုရင်တော့ ခေတ်ပြိုင်လို့ ဆိုရမည်။

မောင်ဖေတော်သလောက်တော့ မောင်ကိုလည်း တော်၏။ သူလည်း မောင်ဖေလိုပဲ တစ်ကောင်ကြွက်။ မိဘတွေက ချမ်းသာခဲ့တော့ အေးအေးဆေးဆေး နေနိုင်သည်။

သူက မောင်ဖေ ဖွင့်သလို စာကြည့်တိုက်တော့ မဖွင့်ဘူး။ စာအုပ်အရောင်းဆိုင်တော့ ဖွင့်ထားသည်။

ရွာမှာ ရောင်း၍ မရောင်းရ ဝါသနာပါလို့ ဖွင့်ထားတာဟု ဆိုသည်။ ဘယ်လိုပဲဆိုဆို ရွာမှာရှိတဲ့လူတွေက မောင်ဖေအပြင် မောင်ကို ကိုလည်း အားကိုးကြသည်။

မသိတာလေးတွေ သွားသွားမေးတတ်သည်။ မောင်ကိုကလည်း ကူညီပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖေနဲ့ သူနဲ့ကလည်း သူမသာ ကိုယ်မသာ အနေအထားရှိတော့ သူတို့ရွာတွင် မောင်ဖေဘက်ကလူနဲ့၊ မောင်ကိုဘက်ကလူဆိုပြီး အဲဒီလိုတောင် ရှိလာကြသည်။

ဘာပဲပြောပြော သူ့လူသူမေး၊ ကိုယ့်လူကိုယ်မေး ဆိုသလိုပေါ့။

■



(ခ)

တစ်ခါတုန်းက သူတို့ရွာကို လူတစ်ယောက်က ရှေးဟောင်းဒင်္ဂါးတစ်ပြား လာရောင်းသည်။

ရွာမှာကလည်း ရှေးဟောင်းပစ္စည်းလေး ဘာလေး စုတဲ့သူတွေရှိတော့ စိတ်ဝင်စားတာပေါ့။

"ဘယ်လောက်လဲ"

ဈေးမေးတော့ လာရောင်းတဲ့သူက သက်ပြင်းချသည်။ ပြီးတော့-

"ရှေးကျလွန်းတော့ အခုထိ တန်ဖိုးမဖြတ်နိုင်ဘူး ဖြစ်နေတယ်၊ ဒီမှာကြည့်လေ ဒင်္ဂါးပေါ်မှာ ရေးထားတာက ခရစ်တော်ခပေါ်ခင် နှစ်ပေါင်း ၂၆၀ က ရိုက်နှိပ်ထားတဲ့ ဒင်္ဂါး BC 260 လို့ ရေးထားတယ်၊ အဲဒီလောက် ရှေးကျတော့ ဘယ်ဈေးသတ်မှတ်ရ

www.burmeseclassic.com

www.burmeseclassic.com



မှန်းတောင် မသိဘူး"

သူ့ဒင်္ဂါးကိုကြည့်တော့ တကယ်လည်း ဒင်္ဂါးပေါ်မှာ သူပြောတဲ့အတိုင်း BC 260 (Before Christ) ဆိုပြီး ပါသည်။ နောက်ဆုံးဈေးပြောမှ ဝယ်လို့ရမှာပေါ့ဟု တောင်းဆိုတော့ လာရောင်းတဲ့သူက မဖြတ်ချင် ဖြတ်ချင်ပုံစံဖြင့်-

"ဒီလိုလုပ်ဗျာ"

"အင်း"

"တစ်နှစ်ကို 30000 နှုန်းနဲ့ နှစ်ပေါင်း 260 ဆိုတော့၊ အင်း. . . 260 ကို 30000 နဲ့ မြှောက်ရင် အဲ. . . 78... 78 သိန်းပဲ ပေးဗျာ"

78 သိန်းဆိုတော့ ဝယ်ချင်တဲ့သူတွေ နည်းနည်းတွန့်သွားသည်။

ရှေးဟောင်းပစ္စည်းစုတဲ့လူတွေက လူချမ်းသာတွေများတော့ ဝယ်ချင်ကြသည်။ သို့သော် ဈေးနည်းနည်းများတော့ အင်တင်တင်ဖြစ်နေကြ၏။

"အဲ့ဒီဈေးက မများဘူးနော်. . . ဒင်္ဂါးကလည်း BC 260 ကဆိုတော့ ရှားပါးဒင်္ဂါးဖြစ်နေပြီ"

"နည်းနည်းတော့ လျှော့ဦးကွာ"

"လျှော့လို့မရတော့ဘူး၊ ဒါတောင် ကျွန်တော်ပြောလိုက်တဲ့ဈေးက နည်းများနည်းနေမလားဆိုပြီးတောင် စိတ်ပူနေတယ်"



နောက်ဆုံး ဘယ်လိုမှ ဈေးပြောလို့မရတဲ့အဆုံး ဝယ်တဲ့လူတွေက မောင်ကိုဘက်က လူတွေဖြစ်သောကြောင့် မောင်ကို့ကို ပြကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၈)

“မောင်ကို”

“ဗျာ”

“ဒီကပစ္စည်းရောင်းသူက 78 သိန်းနဲ့ ဒီရှေးဟောင်းဒင်္ဂါးပြားကို ရောင်းတယ်ကွာ၊ ဈေးလျှော့ပါဦးပြောတော့ သူက လျှော့လို့မရဘူးတဲ့၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒင်္ဂါးကလည်း တကယ့်ရှေးကျတဲ့ ဒင်္ဂါးဖြစ်နေတော့ ဝယ်ချင်နေတယ်၊ အဲ့ဒါ မင်းများ တန်၊ မတန် ဈေးဖြတ်ကြည့်ပေးလို့ရမလား မေးတာ”

“ဒင်္ဂါးက တော်တော်ကြီးကို ရှေးကျတာလား”

မောင်ကိုကမေးတော့ ရောင်းတဲ့လူက ချက်ချင်းဝင်ပြောသည်။

“ရှေးကျတာကတော့ မေးမနေနဲ့ ကိုယ့်လူ၊ ဒင်္ဂါးပေါ်မှာ



ခရစ်တော်မပေါ်ခင် BC 260 ကလို့ ထင်ထင်ရှားရှားကြီး ရေးထားတယ်”

ဟုဆိုပြီး ဒင်္ဂါးကို မောင်ကို့လက်ထဲ ထည့်လိုက်၏။

ထိုစကားကိုကြားတော့ မောင်ကိုက ဒင်္ဂါးပြားကို မကြည့်တော့ဘဲ ရောင်းသူလက်ထဲ ပြန်ထည့်ပေးလိုက်၏။

“ဘယ်လိုလဲ. . . ဈေးမဖြတ်နိုင်ဘူးမှတ်လား၊ ကျုပ်ပြောတဲ့ဈေးကတောင် နည်းနေသေးတယ်မှတ်လား”

“ဈေးကတော့ ဖြတ်နိုင်ပါတယ်၊ ဒါပေမယ့်. . .”

“ဒါပေမယ့် ဘာဖြစ်လဲ”

“ဒီဒင်္ဂါးပြားက တစ်ပြားမှ မတန်တော့ ဈေးဖြတ်ရမှာ ခက်နေတယ်”

“ဘာဗျ”

ရောင်းသူမှာ အတော်ကြီးကို စိတ်ဆိုးသွားပြီး သူ့ဒင်္ဂါးပြားတို စော်ကားကြောင်း၊ သူ့သိက္ခာကိုလည်းချကြောင်း ရေရွတ်ပြီး ဒီမှာမှာ မရောင်းတော့ဘူးဟု လုပ်လေတော့၏။

ဝယ်ချင်တဲ့လူတွေကလည်း မရောင်းတော့ဘူးဆို၍ ထိတ်ထိတ်ပြာပြာဖြစ်သွားပြီး-

“ဘယ်လိုဖြစ်ရတာလဲ မောင်ကိုရာ. . . ဒင်္ဂါးက ရှေးဟောင်းဒင်္ဂါးဆိုတော့ တစ်ခုခုတော့ တန်မှာပေါ့”

“ကျွန်တော် တစ်ခုမေးမယ်”

“အင်း. . . မေးလေ”

www.burmeseclassic.com

www.burmeseclassic.com



"အခု ဦးမှာ သမီးတစ်ယောက်ရှိတယ်"

"အေး. . . ရှိတယ်လေ"

"အဲ့ဒါဆိုရင် ဦးသမီးရဲ့ကလေး၊ ဦးရဲ့မြေး ဘယ်အချိန် မွေးမလဲဆိုတာ ဦးသိနိုင်လား"

"အာ. . . ဘာတွေ ပြောနေတာလဲ၊ ငါ့သမီးက အခုမှ အပျိုပဲ ရှိသေးတာ"

"ဒီလိုပဲလေ. . . ဘုရားသခင် ဘယ်တော့ပေါ်မလဲ၊ ဘယ်သူက အတိအကျသိမှာလဲ၊ ဒါတောင် ဒီဒဂ်ါးပေါ်မှာ ဘုရားသခင် မပေါ်မီ နှစ်ပေါင်း 250 က ဒဂ်ါးဆိုပြီး ရိုက်ထားတဲ့အတွက် လိမ်ဆင်ပြီး ဖြစ်မနေဘူးလား"

"အဲ"

"ဒီတော့ ဒီဒဂ်ါးပြားဟာ အတုဖြစ်တဲ့အတွက် တစ်ပြားမှ မတန်ဘူးလို့ ကျွန်တော်က ဆိုလိုတာပါ"

ဒီလိုနဲ့ အဲဒီကိစ္စက ပြတ်သွားရော။

မောင်ကို ကိုလည်း အထင်တွေကြီးပြီး သူ့ဘက်ကလူတွေက မောင်ကိုသာ အတော်ဆုံးဆိုပြီး ဖြစ်လာသည်။

■

ရွာမှာ သူပြိုင်ကိုယ်ပြိုင် ဖြစ်နေကြတဲ့ မောင်ဖေနဲ့ မောင်ကိုဟာ ဦးလေကောသမီး ချိုအိကို ချစ်တာလည်း အပြိုင် ဖြစ်လာကြ၏။ နောက်ဆုံး လမ်းလယ်ခေါင်မှာ ငြင်းခုန်ကြရင်း လက်ထပ်ရန်အတွက် တောင်းရမ်းသည့်အဆင့် ဖြစ်လာကြသည်။

တောင်းတော့လည်း တစ်နေ့တည်း၊ တစ်ပြိုင်တည်း။ တောင်းရမ်းပေးတဲ့ လူကြီးတွေကတော့ သူ့ဘက်ကလူကြီး၊ ကိုယ့်ဘက်က လူကြီးနဲ့ပေါ့။ ရွာသူကြီးဦးဝကတော့ သူတို့နှစ်ယောက်ကြားထဲ မဝင်ချင်ဘူးဆိုပြီး ကျန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးလေကောနှင့် သူ၏သမီး ချိုအိ

www.burmeseclassic.com

www.burmeseclassic.com

(၈)

ဦးလေကောသည် သူ၏သမီး ချိုအိကို ဘယ်သူနဲ့မှ ပေးစားချင်သူတစ်ယောက် မဟုတ်ပေ။ သူ့သမီးက လှသည်။ ပိုက်ဆံရှိသည်။ မျိုးရိုးကောင်းသည်ဆိုပြီး ဦးလေကောက မာန်တက်နေတာပေါ့။

ဦးလေကောက သူ့သမီးကို ဘယ်သူနဲ့မှ တူတယ် တန်တယ် ထင်တဲ့လူ မဟုတ်ဘူး။ ဒါကလည်း သူ့အပြစ်ရယ်လို့ ဆိုလို့မရချေ။ သူ့သမီး ချိုအိကလည်း အတော်လှ အတော်ချောတဲ့ မိန်းကလေးဖြစ်သည်။ တစ်ရွာမှာ တစ်ယောက်အပြင် အနီးအနားက ရွာတွေမှာ လိုက်ရှာရင်လည်း သူ့လောက်လှတဲ့လူ မတွေ့ဘူးရယ်လို့ တစ်ရွာလုံးက လက်ခံထားကြသည်။ ဒီတော့ ဦးလေကောအလွန်မဟုတ်ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေကောသည် ကပ်သီးကပ်ဖဲ့နိုင်သည်။ သူက မြို့တွေဘာတွေမှာ ကျောင်းတက်ခဲ့ဖူးတော့ ရွာမှာ စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ယောက်လည်းဖြစ်သည်။ စာဖတ်တာကိုတော့ အလွန် ဝါသနာပါသည်။

တစ်ခါတစ်ခါဆို သူလိုချင်တဲ့စာအုပ်တွေဟာ မောင်ဖေနှင့် မောင်ကိုဆီမှာသာ ရှိတတ်သောကြောင့် သူတို့နှစ်ယောက်နဲ့တော့ မကင်းရာမကင်းကြောင်း ဖြစ်နေရသည်။

သူ့ဆီကို စာအုပ်တွေ လာပို့ရင်းနဲ့ပဲ သူ့သမီးကို တွေ့မိ ကြိုက်မိကြခြင်းလည်း ဖြစ်သည်။

ထူးခြားတာက ဦးလေကောသည် အခြားသူများကို အထင် မကြီးရင်နေမည် သူတို့နှစ်ယောက်ကိုတော့ အထင်ကြီး၏။

သူတို့နှစ်ယောက်ကြောင့် ရွာမှာ တော်တော်များများ စာ ဖတ်တဲ့ အလေ့အကျင့်ရလာတာကိုပဲ သူက ချီးကျူးလို့မဆုံးဘူး ဖြစ် နေသည်။

သို့သော် ချီးကျူးတာကတစ်ပိုင်း၊ သူ့သမီးချိုအိနဲ့ သဘော တူတာကတစ်ပိုင်း သပ်သပ်စီဖြစ်သည်။

အခု မောင်ဖေနဲ့မောင်ကိုက သူ၏သမီးကို တောင်းရမ်းဖို့ လာနေပြီလည်းကြားရော ဦးလေကောမှာ ဘာလုပ်ရမှန်းမသိ ဖြစ် နေ၏။



သူ့သမီးနဲ့လည်း မပေးစားချင်။ သူတို့နှစ်ယောက်နဲ့လည်း အခင်အမင် မပျက်ချင်တော့ ဦးလေကောမှာ ဗျာများနေရတာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

# (၃)

"နှစ်ယောက်စလုံးဆိုတော့ ကျုပ်က ဘယ်လိုသဘောတူရမှာလဲဗျ"

ဦးလေကောသည် မျက်နှာကို တင်းထားရင်း လာရောက်တောင်းရမ်းပေးသည့်လူကြီးများကို ဦးတည်ပြောလိုက်၏။

သူ၏အိမ်ရှေ့တွင်လည်း လာကြည့်သောသူများနှင့် ပြည့်နှက်နေ၏။ မောင်ဖေနှင့် မောင်ကိုတွင် ဘယ်သူ့ကို သဘောတူလိုက်မလဲဆိုတာကို စိတ်ဝင်တစား ရှိနေကြပုံရသည်။

"အဲ့ဒီလိုတော့ မဟုတ်ပါဘူး၊ ဦးလေကော သဘောကျတဲ့သူနဲ့ပေးစားဖို့ပါပဲ"

သူ့သဘောအရတော့ သူ့သမီးကို ဘယ်သူနဲ့မှ သဘောမတူဘူးဟု စိတ်ထဲ ရေရွတ်မိသည်။

သို့သော် မောင်ဖေနှင့် မောင်ကို့ကို အခင်အမင်မပျက်ချင်



သော ဦးလေကောမှာ အခက်တွေ့နေ၏။

သူ့ကို ပြုံးဖြီးဖြီးကြည့်နေသော ထိုသကောင့်သား နှစ်ကောင်မှာလည်း အမြင်ကတ်ဖို့ ကောင်းနေတော့၏။

"ကျုပ်သမီးက ငယ်ငယ်လေးပဲ ရှိသေးတယ်"

ဟု ပြောချင်ပေမယ့်လည်း သူ့သမီး မငယ်တော့တာ တစ်ရွာလုံးသိသောကြောင့် ပြောလည်း အပိုပဲ ဖြစ်ပေလိမ့်မည်။

"ကျုပ်သမီး သဘောပဲဗျာ၊ သူကြိုက်သူ ယူပါစေ"

ဟု ပြောရင်လည်း သူ့သမီးက 'အဖေ့သဘော'ဟု ပြန်ပြောမှာကို ကြိုသိနေသောကြောင့် ထိုစကားကိုလည်း စိတ်ထဲမှာပဲ ထားလိုက်သည်။

သူ့သမီးကို "ဘယ်သူမှ မယူချင်ဘူး. . . ပြောသမီး"ဟု ညွှန်ကြားထားလို့ရမည်လည်း မထင်မိ။

သူကိုယ်တိုင်က-

"ဘယ်သူနဲ့မှ သဘောမတူဘူးဗျာ"

ဟု ခပ်ပြတ်ပြတ် ပြောပြန်တော့လည်း လေကောတို့က မာနကြီးလိုက်တာဆိုပြီး အပြောခံရဦးမည်။

မောင်ဖေဘက်က လူကြီးကလည်း သူ့သမီးကို ဘယ်လိုတင်တောင်းမယ်ဆိုပြီး ရွှန်းရွှန်းဝေလောက်အောင် ပြောနေ၏။ မောင်ကိုဘက်က လူကြီးများကလည်း မောင်ဖေထက်သာအောင်ဆိုပြီး တစ်ခုနှစ်ခု ပိုပြောကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေကောကတော့ ပြတ်သည်။ သူ့သမီးကို ဘယ်လောက် တင်တောင်းတင်တောင်း သူစိတ်မဝင်စားဘူး။ သူစိတ်ဝင်စားတာက သူ့သမီး လင်မရရေးပင်ဖြစ်သည်။

ငယ်ငယ်လေးတည်းက အမေမရှိဘဲ ကြီးပြင်းလာခဲ့ရသည့် သူ့သမီးလေးကို အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး စောင့်ရှောက်ခဲ့ရသည်။

'သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်'ဆိုတဲ့စကားက အခုတော့ သူနှင့် မဆိုင်သေးဆိုပြီး မျက်နှာလွှဲထားချင်နေမိခြင်း ဖြစ်သည်။

တကယ်တော့ သူ့သမီးကို လာတောင်းသော မောင်ဖေနှင့် မောင်ကိုမှာ အပြစ်ပြောစရာမရှိပါ။ ငွေကြေးအနေနဲ့ရော၊ ပညာရေးအနေနဲ့ပါ ပြည့်စုံကြသူများဖြစ်သည်။

အခြား အရင်တုန်းက သူ့သမီးကို လာတောင်းသာသူများကို ဦးလေကောက ခပ်ပြတ်ပြတ် ငြင်းခဲ့ပြီး အခု သူတို့နှစ်ယောက်ကျမှသာ တွေဝေနေခြင်းဖြစ်သည်။

"ဦးလေကော ပြောပါဦးဗျ"

"ဟင်. . . ဘာ. . . ဘာကိုလဲ"

တွေးနေသောကြောင့် ပြောစကားများကို အကုန်မကြားလိုက်ပေ။

"မောင်ဖေနဲ့ မောင်ကို ကိစ္စလေဗျာ"

"သြော်. . . အင်း"

တစ်ခုခုတော့ ပြတ်ပြတ်သားသား ပြောရပေတော့မည်။ ထို့ကြောင့်-

"မောင်ဖေ"

"ဗျာ"

"မင်းက ငါ့သမီးကို တကယ်ချစ်တာလား"

"ဟာ. . . ချစ်တာပေါ့ ဦးရယ်၊ ဦးကို လက်ဆောင်ပေးထားတဲ့ ဟိုကဗျာစာအုပ်ထဲကလိုချစ်တာ"

"ဟင်. . . ဘယ်ကဗျာထဲကလဲ"

စာကဗျာဆို၍ ဦးလေကော စိတ်ဝင်စားသွားခြင်းဖြစ်သည်။

မောင်ဖေကလည်း ဂွင်ဝင်တုန်းလေး ဟန်နဲ့ပန်နဲ့ ရွတ်ပြ၏။

ကြင်ဖက်ကို

အင်ဖက်နဲ့ထုပ်

တရိုတသေသိမ်း

ရင်မှာ တကယ်ငြိမ်းမယ့်

အိုချိန်ထိတောင်

ချစ်မယ့်သူပါ. . .။

"ဟင်. . . မင်းဟာကလဲ"

"အဟဲ. . . ကျွန်တော်လည်း ကျွန်တော်ချစ်တတ်သလို ချစ်တာပါ ဦး"

ဦးလေကောမှာ နှာခေါင်းရှုံ့လိုက်ပြီး မောင်ကိုဘက်

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်ပြန်သည်။

"မောင်ကို"

"ဟုတ်"

"မင်းကရော. . ."

"ချစ်တာပေါ့ဦးရယ်. . . ဦးကို ကျွန်တော်လက်ဆောင် ပေးထားတဲ့ စာအုပ်ထဲက စကားစုလေးတစ်ခုလိုပဲ ချစ်တယ်"

"လာပြန်ပြီ၊ ဘာစကားစုလဲ"

မောင်ကိုက 'ငါလည်း ရွှတ်မဟဲ့'ဆိုတဲ့ပုံစံနဲ့ အသံနေအသံထားကျကျ ရွတ်ပြန်၏။

*"ပလုံ"*

*ခဲလုံးတစ်လုံး ပြုတ်ကျသွားသည်။ ခဲလုံးသည် သူ၏ အလေးချိန်ကြောင့် ရေပေါ်ကို ဘယ်သောအခါမှ ပြန်ပေါ်လာတော့မည် မဟုတ်ချေ။*

"ဟင်. . . မင်းအချစ်ကလည်း ဘာကြီးလဲ၊ ငါ နားမလည်တော့ဘူး"

"ဒီလိုပါဦး"

"အေး. . . ဘယ်လိုလဲ"

"ကျွန်တော့်အချစ်က ခဲလုံးဆိုပါစို့"

"ဟုတ်ပြီ"

"ဦးသမီးက ရေပြင်ဆိုရင် ကျွန်တော့်ခဲလုံးလေးက ဦးသမီး



ရေပြင်ထဲ. . ."

"တော်. . . တော်ပြီ၊ မင်းတို့နှစ်ယောက်က ငါ့ကို ပေါက်ကရတွေ လာပြောနေတာလားကွ"

"ဆုံး. . . ဆုံးအောင်တော့"

"ဘာမှ ဆက်မပြောနဲ့တော့၊ တကယ်တည်း ဘာတွေမှန်း မသိဘူး"

မောင်ကိုမှာ ဆက်မပြောရဲဘဲ ထစ်နေတော့၏။ ဆိုလိုချင်တာက သူ့အချစ်က ချိုအီရဲ့ ရေပြင်လေးထဲမှာ ကျဆုံးပြီး တစ်သက်လုံး ရိုးမြေကျ ထိုရေပြင်လေးထဲမှာပဲ နေမယ့်သူပါလို့ ပြောမလို့ပါ။ အခုတော့. . .။

"ဒီမယ်. . . မောင်ရင်တို့နှစ်ယောက်"

"ဟုတ်ကဲ့. . . ဦး"

"ပြောပါ. . . ဦး"

"မင်းတို့နှစ်ယောက်က တစ်ဦးနဲ့တစ်ဦး ဘယ်လိုမှ အလျှော့ပေးလို့ မဖြစ်နိုင်ဘူးပေါ့"

မဖြစ်နိုင်မှန်း သိပေမယ့်လည်း တမင်တကာ မေးလိုက်ခြင်းဖြစ်သည်။ ထင်သည့်အတိုင်းပင်-

"မဖြစ်နိုင်ပါဘူး"

"မဖြစ်နိုင်ပါဘူး"

ဟု တစ်လေသံတည်း ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ စဉ်းစားရခက်တယ်ကွဲ့"

မျက်နှာကို နီးစပ်ရာသဘက်နှင့် ယူသုတ်လိုက်သည်။

"ဦးကြိုက်သလို ဆုံးဖြတ်ပါ၊ ကျွန်တော်တို့က လိုက်နာဖို့ အသင့်ပါပဲ၊ ဟုတ်တယ်မှတ်လား မောင်ဖေ"

"ဟုတ်ပါတယ်၊ မောင်ကိုပြောသလိုပါပဲ ဦး"

ဦးလေကောက သဘက်ကို ပေါင်ပေါ်တင်လိုက်သည်။

"တကယ်တော့ ဦးသမီးကို ဘယ်သူနဲ့မှ သဘောတူချင်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ပြန်စဉ်းစားကြည့်တော့ အချိန်တန် အရွယ်ရောက်ရင်ဆိုတဲ့ ကိစ္စကလည်း ရှိသေးတယ်၊ မင်းတို့နှစ်ယောက်ကိုလည်း ငါက သဘောကျပါတယ်၊ ဒါပေမယ့် ရွေးရခက်နေတယ်"

သကောင့်သားနှစ်ယောက်မှာ လှုပ်လှုပ်ရွရွဖြစ်လာလေ၏။ ထိုအချိန်တွင် ဦးလေကော၌ အကြံအစည်တစ်ခု ရှိနေပြီဖြစ်သည်။

သူ၏အကြံအစည်မှာ နှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ သူ့သမီး ညားသွားနိုင်သလို တစ်ယောက်နဲ့မှ မညားအောင်လည်း သူစီစဉ်လို့ရနိုင်သည့် အကြံဖြစ်သည်။ တစ်ရွာလုံးကလည်း လက်ခံနိုင်လိမ့်မည်ဟု ထင်သည်။

"အဲ့ဒီတော့ ဦးလေကော ကြိုက်သလိုလုပ်ပါ၊ သူတို့ကတော့ ဦးလေကောစကားကို နာခံဖို့ အသင့်ရှိနေပုံပါပဲ"

လူကြီးတစ်ဦးက ဝင်ပြောသည်။

ဦးလေကောက ခေါင်းတဆတ်ဆတ်ညိတ်ရင်း-



"ဒီလိုစဉ်းစားထားတယ်"

"ဘယ်လိုလဲဦး"

"ပြောပါဦး"

"ငါ့သမီးနဲ့ မင်းတို့နှစ်ယောက်ထဲက ဘယ်သူနဲ့ သင့်တော်မယ်ဆိုတာကို တစ်ရွာလုံးက ဆုံးဖြတ်ပါစေ"

"ဟင်. . . ဘယ်လို"

"ငါ. . . ဒီလိုစီစဉ်ထားတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

(၄)

"လာမယ့်လကျရင် ဒီရွာမှာ ငါ အလှူကြီးတစ်ခုလုပ်ဖို့ စဉ်းစားထားတယ်"

"ဟုတ်"

"တစ်ရွာလုံးကို ဖိတ်စာနဲ့တကွ ဖိတ်မယ်ပေါ့ကွာ"

"ဟုတ်ကဲ့"

"အဲ့ဒီဖိတ်စာမှာ ရှေ့ဘက်အခြမ်းကတော့ အလှူဖိတ်စာ၊ မိသားစု နာမည်တွေ ဘာတွေနဲ့"

"အင်း"

"အဲ. . . အဲ့ဒီနောက်မှာတော့ ဒီလိုလေးရေးထားမယ်"

ဦးလေကောသည် နီးစပ်ရာစာအုပ်နဲ့ ဘောပင်ကိုယူပြီး တစ်ဖက်ပါအတိုင်း ရေးပြ၏။

ဦးလေကောသမီး ချိုအိသည်-

- မောင်ဖေနှင့် သင့်တော်သည်။
- မောင်တိုးနှင့် သင့်တော်သည်။
- နှစ်ယောက်စလုံးနဲ့ မသင့်တော်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတော့ တစ်ရွာလုံးက ဒီဖိတ်စာတွေ ရကြမှာဆိုတော့ မိမိတို့ ထင်မြင်ချက်ကို အကွက်မှာ အမှန်ခြစ်ပြီး အဲ့ဒီနေ့အလှူမှာ ရှိမယ့် ပုံးထဲကို ထည့်ပေးရမယ်၊ အလှူပြီးသွားလို့ ရေတွက်ကြည့်တဲ့ အခါမှာ မောင်ဖေနဲ့ သင့်တော်တယ်လို့ အမှန်ခြစ်ထားတာများရင် မောင်ဖေနဲ့ သဘောတူမယ်၊ မောင်ကိုနဲ့ သင့်တော်တယ်လို့ အမှန် ခြစ်ထားတာများရင် မောင်ကိုနဲ့သဘောတူမယ်၊ အဲ. . . ဘယ်သူ နဲ့မှ မသင့်တော်ဘူးဆိုရင် နှစ်ယောက်စလုံးနဲ့ သဘောမတူဘူး၊ ဒါပဲ"

ဦးလေကောစကားကြောင့် အားလုံးမှာ ငြိမ်ကျသွား၏။

"ဦးကလည်း ဦးသမီးကို ရွှေးကောက်ပွဲ လုပ်နေတာ ကျနေတာပဲ"

တစ်ယောက်က ဝင်ပြောလေ၏။

ဦးလေကောမှာ ဘာမှပြန်မပြောတော့ချေ။ လက်ခံချင်လက်ခံ၊ လက်မခံချင်နေဆိုသည့် ပုံစံမျိုးဖြစ်နေသည်။

တကယ်တော့ အားလုံးမှာ ဦးလေကော ဘာပဲပြောပြော လက်ခံရမည့်သူများဖြစ်သည်။

သူက သမီးရှင်ဖြစ်သလို သူ့စိတ်ကြိုက်ပုံစံကိုလည်း ဖန်တီး နိုင်ခွင့်ရှိသည်။ အခု သူပြောသည့် စနစ်မှာလည်း မောင်ဖေရော၊ မောင်ကိုရော၊ ဦးလေကောရောပါ အဆင်ပြေသည့် ပုံစံဖြစ်သည်။



နောက်ဆုံးတွင်-

"ကျွန်တော်ကတော့ သဘောတူတယ်"

မောင်ဖေက အရင်စပြော၏။

မောင်ကိုကလည်း "သူလည်း သဘောတူတယ်"ဟု ပြော၏။

"ဒါပေမယ့်. . . "

သူ့စကားကြောင့် ဦးလေကောက ဆတ်ခနဲ မော့ကြည့်သည်။

"အေး. . . ပြောလေ"

"ဖိတ်စာအရေးအတွက်နဲ့ ဖိတ်တဲ့လူ အရေအတွက်ကိုတော့ မှန်ကန်စေချင်တယ်၊ နို့မို့ဆို ကျွန်တော်တို့ဘက်က နစ်နာနိုင်ပါ တယ်"

"ဟုတ်တယ်. . . ကျွန်တော်လည်း အဲ့ဒါတော့ ထောက်ခံ တယ်"

မောင်ဖေကလည်း ဝင်ပြော၏။

"ဘာလဲ. . . မင်းတို့က ငါ မခိုးမှာ စိုးလို့လား"

ပွဲတောင်မစသေးဘူး အခုကတည်းက စရှင်းကြလေပြီ။

"မဟုတ်ပါဘူး၊ သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်နိုင်အောင်လို့ပါ"

"ငါကတော့ သန့်ရှင်းတယ်၊ မင်းတို့ဘက်ကသာ အရွေး ရအောင် ကြိုးစား၊ ဒါပဲ"

ထိုသို့ဖြင့် ထိုကိစ္စက ပြတ်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးကလည်း ဦးလေကောဇ၏ အစီအစဉ်ကို အံ့သြလို့ မဆုံး ဖြစ်နေကြသည်။

အံ့သြသာ အံ့သြနေကြတာ။ မောင်ဖေနဲ့ မောင်ကို့ကို တစ်ရွာလုံးက ဘယ်သူ့ကို ရွေးချယ်မလဲဆိုတာကို စိတ်ဝင်စားနေကြ၏။

မည်သို့ဆိုသော် မောင်ဖေနှင့် မောင်ကိုမှာ တစ်ရွာလုံးတွင် သူ့ဘက်ကလူနှင့် ကိုယ့်ဘက်ကလူများ အသီးသီး ရှိနေသောကြောင့် ဖြစ်သည်။

ထိုပွဲကို 'အီဖေကို ရွေးကောက်ပွဲ'ဟု အမည်ပေးလိုက်ကြလေ၏။

■

## အီဖေကို ရွေးကောက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

## (၅)

"မောင်ဖေ ပဲ နိုင်မှာဗျ"

"အံမယ်. . . မင်းတို့က မင်းတို့လူနိုင်မယ် ထင်တယ်ပေါ့လေ ဟော့ကောင်တွေ ဒီရွာမှာ မောင်ဖေကို ထောက်ခံတဲ့ လူတွေထက် မောင်ကို ကို ထောက်ခံတဲ့လူတွေက ပိုများတာကွ၊ မှတ်ထား မောင်ကိုပဲနိုင်မှာ"

ရွာရှိဆိုင်တစ်ဆိုင်မှာထိုင်ရင်း မောင်ဖေဘက်က လူငယ်တစ်ချို့နှင့် မောင်ကိုဘက်က လူငယ်တစ်ချို့ ငြင်းခုန်ရင်း အခြေအနေတင်းမာနေခြင်း ဖြစ်သည်။

"အလှူလုပ်ဖို့က တစ်လတောင်လိုသေးတာ မောင်ကိုဘက်ဘာလူတွေကလည်း မောင်ဖေဘက်ကို ကူးပြောင်းမလာဘူးလို့ ဘယ်သူက ပြောနိုင်လို့လဲ"

"ဘာလဲ. . . မင်းတို့က မဲဆွယ်မယ်ဆိုတဲ့သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကြီးကြီးကျယ်ကျယ်တွေ သိလို့ရယ်တော့ မဟုတ်ပါဘူး။ ကြားဖူးနား၀ ကောက်တီးထည့်လိုက်ရာ အံ၀င်ဂွင်ကျဖြစ်သွားခြင်း ဖြစ်သည်။

"ဒါက လုပ်သင့်တာပဲလေ"

တစ်ဖက်ကလည်း မခံချင်စိတ်နဲ့ ပြန်ပြောပြန်၏။

"အဲဒီလို ရမလားကွ၊ ငါတို့ကလည်း ငါတို့လူနဲ့ငါတို့ ရှိပြီးသား"

"မင်းတို့လည်း မကျေနပ်ရင် ပြန်ပြီးမဲဆွယ်လေကွာ"

"အေး. . . ဟုတ်တယ်"

"သူတို့ပြောတာ မှန်တယ်"

"လုပ်သင့်တယ်ကွ"

ဆိုင်ထဲရှိ အခြားလူများကလည်း လူငယ်နှစ်ဖွဲ့ စကားများကို နားထောင်ရင်း ဝိုင်းမြှောက်ပေးကြလေ၏။

ခဏအကြာတွင် တစ်ဖက်နှင့် တစ်ဖက် စကားနိုင်လုရင်း အခြေအနေတင်းမာလာကာ စိန်ခေါ်တဲ့အထိ ဖြစ်လာလေ၏။

"ဟေ့ကောင်. . . မင်းတို့ မောင်ဖေ မနိုင်စေရဘူးကွ"

"အံမယ်. . . မင်းတို့မောင်ကိုရော နိုင်မယ်ထင်လို့လား"

တစ်ဖက်နှင့်တစ်ဖက် ပေါက်ကွဲတော့မည့်အခြေအနေကြောင့် ကျန်တဲ့လူကြီးများက ဝင်ရောက်ထိန်းသိမ်းပေးကြရသည်။

အဲဒီလိုနဲ့ ထိုရန်ဖြစ်ပွဲကအစပြုပြီး အဖွဲ့နှစ်ဖွဲ့ ပေါ်လာ



ခဲ့ကြသည်။ မောင်ဖေအောင်နိုင်ရေးအဖွဲ့နှင့် မောင်ကိုအောင်နိုင်ရေးအဖွဲ့ ဆိုပြီးတော့ပေါ့။

သူတို့ရဲ့တာဝန်က သူတို့လူ သူတို့အောင်နိုင်ရေး အစွမ်းကုန် မဲဆွယ်ရန်ဖြစ်သည်။

မောင်ဖေအောင်နိုင်ရေးအဖွဲ့ကို မိမိကိုယ်ကို လူငယ်ခေါင်းဆောင်ဟု အထင်ရောက်နေသည့် ငတိန်က ခေါင်းဆောင်သည်။

မောင်ကိုအောင်နိုင်ရေးအဖွဲ့ကိုတော့ ဟိုစပ်စပ်ဒီစပ်စပ်ပါသည့် စံဗျစ်က ခေါင်းဆာင်သည်။

ထိုကိစ္စသည် ထိုမှာပင် မပြီးသွားဘဲ နောက်တစ်နေ့တွင် မောင်ဖေထောက်ခံသူများသည် မောင်ဖေ၏စာကြည့်တိုက်တွင်လည်းကောင်း၊ မောင်ကိုထောက်ခံသူများသည် မောင်ကို၏စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း အသီးသီး တွေ့ဆုံကြလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၆)

မောင်ဖေ၏ စာကြည့်တိုက်တွင်ဖြစ်သည်။

"မောင်ဖေ ဒီကိစ္စက ပေါ့ပေါ့တန်တန် လုပ်လို့မရဘူးနော်၊ ဟိုကောင်တွေထက် ဦးအောင်လုပ်ရမယ်"

ငတိန်က စပြောလိုက်ခြင်းဖြစ်သည်။

"ပေါ့ပေါ့တန်တန် ဘယ်ဟုတ်မလဲ၊ လေးလေးနက်နက် လုပ်ရမယ့် ကိစ္စတစ်ခုလည်းဖြစ်တယ်"

နောက်တစ်ယောက်က ဝင်ပြောပြန်၏။

"အာ. . . လေးလေးနက်နက်တင် ဘယ်ကမလဲ၊ အောင်အောင်မြင်မြင်ဖြစ်ရမယ့် ကိစ္စလေ"

"တော်ပါတော့ဗျာ၊ ကျွန်တော် ခေါင်းခြောက်နေတာ ဘာလုပ်ရမှန်း မသိသေးဘူး"

မောင်ဖေက ဝင်ပြောလိုက်မှပင် အားလုံး ငြိမ်သွား၏။



ထိုအချိန်တွင် မောင်ကို၏ စာအုပ်အရောင်းဆိုင်တွင်လည်း-

"ဒီမယ် မောင်ကို"

"အင်း. . . ပြော"

မောင်ကိုက စံဇာစ်စကားကို အင်းမလုပ် အဲမလုပ်နဲ့ ပြန်ထူးသည်။

"ဒီကိစ္စက ကြီးကျယ်သွားပြီကွ"

"ဟုတ်တယ်. . . ကြီးကျယ်ရုံတင်မကဘူး၊ ကွဲပါ ထွက်လောက်တယ်"

နောက်တစ်ယောက်က လက်ဟန်ခြေဟန်နဲ့ ဝင်ပြောပြန်၏။

"ကွဲထွက်တာက အကြောင်းမဟုတ်ဘူး၊ စိမရတော့မှ အားလုံး ဒုက္ခရောက်ကုန်မယ်"

ဘာတွေမှန်းမသိ။ သူတို့ ထင်ရာလျှောက်ပြောနေကြခြင်းဖြစ်သည်။ မောင်ကိုလည်း ခေါင်းလေးတညိတ်ညိတ်သာ နေနေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၇)

“အခုကက နိုင်ငံခြားရွေးကောက်ပွဲတွေလိုမျိုး အောင်နိုင်ရေးအဖွဲ့ ဖွဲ့ရမယ်. . . မောင်ဖေတို့ဘက်ကလည်း အဲဒီလိုအဖွဲ့မျိုး ဖွဲ့မယ်ကြားတယ်”

“ဟုတ်တယ်ကွ၊ အဲ့ဒါ အသက်ပဲ”

“ပြီးရင်. . . ထုံးစံအတိုင်း ရန်ပုံငွေ ရှာရမယ်”

“အင်း. . . ရန်ပုံငွေရှာတာတော့ ဟုတ်ပါပြီ၊ ငါတို့က ဘယ်လိုရှာရမှာလဲ”

“ဟ. . . မင်းက စာမဖတ်ဘူးလား၊ တချို့တွေက ရန်ပုံငွေ စတိတ်ရှိုးဆိုလား၊ ဘာဆိုလားလုပ်တယ်လေ၊ တချို့တွေကတော့ ဘဏ်တွေဘာတွေမှာ ရှယ်ယာထည့်ပြီး ရန်ပုံငွေရှာတယ်ဆိုလားပဲ”

“အာ. . . ငါတို့က အဲ့ဒါတွေမှ မလုပ်တတ်တာ”

“မင်းက ဒုံးဝေးပ၊ ငါတို့က အဲ့ဒါတွေ လုပ်မလား၊ ငါတို့နဲ့



ဆိုင်တဲ့ဟာနဲ့ပဲ ရန်ပုံငွေ ရှာမှာပေါ့”

“ဆိုစမ်းပါဦး ဘယ်လိုရှာမှာလဲ”

“အင်း”

စဉ်းစားနေသေးသည်။ ပြီးမှ အကြံရသွားသည့် ပုံစံဖြင့်-

“ကွမ်းယာဆိုင် ဖွင့်မယ်ကွာ၊ မောင်ကို ရွေးကောက်ပွဲ အောင်နိုင်ရေး ကွမ်းယာဆိုင်ဆိုပြီး စာတမ်းတပ်လိုက်ရင် ပြီးပြီ”

“ဟာ. . . မိုက်တယ်ကွ”

“ဟဲ. . . ဟဲ”

ထောက်ခံသူက ထောက်ခံသောကြောင့် အကြံပေးတဲ့သူက သဘောကျ ကျေနပ်နေ၏။

“ကျန်သေးတယ်”

“ဘာလဲ”

“စီးပွားရေးလုပ်ငန်းရှင်ဘွေကလည်း ထောက်ပံ့တယ်လို့ ကြားဖူးတယ်”

“အဲ့ဒါများကွာ ဦးသာမောင်တို့ဘာတို့ ရှိတာပဲ၊ ချဉ်းကပ်ပေါ့”

အဲဒီလိုနဲ့ အီဖေကိုရွေးကောက်ပွဲတွင် အဖွဲ့နှစ်ဖွဲ့ ပေါ်ပေါက်လာလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၈)

နောက်တစ်နေ့တွင် မောင်ဖေအောင်နိုင်ရေးအဖွဲ့ကစပြီး တစ်ရွာလုံးတွင် ဆိုင်းဘုတ်များ စတင်ထောင်လေ၏။

**မောင်ဖေကို မဲထည့်ကြပါ**

"ဟာ. . . မိုက်တယ်ဟေ့"

တစ်ရွာလုံးကလည်း ထိုသို့ဆိုင်းဘုတ်မျိုးကို မမြင်ဘူးသောကြောင့် သဘောအကျကြီး ကျနေကြ၏။

နေရာတိုင်းမှာ 'မောင်ဖေကို မဲထည့်ကြပါ'ဆိုသည့် ဆိုင်းဘုတ်များက ပလူပျံနေ၏။

ထိုသို့ဖြင့် မရှေးမနှောင်းဆိုသလိုပင် မောင်ကိုအောင်နိုင်ရေးအဖွဲ့ကလည်း မောင်ဖေဆိုင်းဘုတ်နေရာများနှင့် မလှမ်းမကမ်း



တွင် ဆိုင်းဘုတ်လိုက်ထောင်နေတာကို တွေ့ရ၏။

"ဟေ့. . . မောင်ကို့စာသားက မိုက်တယ်ဟေ့"

မောင်ကိုအောင်နိုင်ရေးအဖွဲ့က အောက်ပါအတိုင်း ရေးသားပြန်၏။

**မောင်ကိုအား မဲထည့်ခြင်းဖြင့် အမျိုးဂုဏ်မြှင့်တင်ကြပါစို့။**

ဘာမှမဆိုင်ပေမယ့်လည်း ရွာသူရွာသားများက သဘောကျကြ၏။

"ဒါ. . . မဲဆွယ်ရေးရဲ့ နည်းလမ်းတစ်ခုပဲ"

ဟု အောင်နိုင်ရေးအဖွဲ့ဝင်တစ်ယောက် ပြောနေသံကို ခပ်သဲ့သဲ့ ကြားရ၏။ တချို့နေရာများတွင်တော့ စာသားက တစ်မျိုးစီဖြစ်ကြသည်။

**သင့်ကြောင့် မောင်ကို သိက္ခာမကျပါစေနှင့်။**

ဆိုတာလည်း ပါသည်။

**မောင်ဖေအား ချစ်ခင်ကြောင်းကို မဲထည့်ခြင်းဖြင့် ပြသကြစို့။**

ဆိုပြီးလည်း ရေးကြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော မောင်ဖေနှင့် မောင်ကိုကိုစွသည် တစ်ရွာလုံး၏ စိတ်ဝင်စားဆုံးကိစ္စတစ်ခု ဖြစ်လာလေတော့သည်။

■

(၉)

ဦးလေကောသည် အိမ်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။ မောင်ဖေနှင့် မောင်ကိုတို့၏ လုပ်ရပ်များကြောင့် ဦးလေကောမှာ အတော်ကြီးကို စိတ်အိုက်နေလေသည်။

တစ်ရွာလုံးက စိတ်မဝင်စားလောက်ပါဘူးလေဟု ထင်ထားသောကိစ္စသည် အခုတော့ များယွင်းနေပြီဖြစ်သည်။ သူ့တွက်ကိန်းနည်းနည်းလွဲတော့မည့်အနေအထားကြောင့် ဦးလေကောမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေခြင်းဖြစ်သည်။

ရွာထဲတွင် မောင်ဖေနှင့် မောင်ကိုဘက်ကလူများ တော်တော်များများရှိကြောင်း သိလိုက်ရလေ၏။

ဒီအတိုင်းဆိုရင် မောင်ကိုဖြစ်ဖြစ်၊ မောင်ဖေဖြစ်ဖြစ် တစ်ယောက်ယောက်တော့ သေချာနေပြီဖြစ်သည်။ တတိယအချက်ဖြစ်သည့် နှစ်ယောက်စလုံးနဲ့ မသင့်တော်ဘူးဆိုသည့် အချက်တွင်

www.burmeseclassic.com

www.burmeseclassic.com



အမှန်ခြစ်မယ့်လူ ရှိမှရှိပါ့မလားဟု စိုးရိမ်ရမည့်အဆင့် ဖြစ်နေသည်။

"ဦးလေကော. . . ဦးလေကော"

ခြံအဝမှ အော်ခေါ်လိုက်သောအသံကြောင့် ဦးလေကောအတွေးများ ရပ်သွားသည်။

"ဘယ်သူလဲ"

"ကျွန်တော်တို့ပါ"

လူလေးယောက် တက်လာလေ၏။

"ဟေ့ကောင် ပိန်ရိုး. . . ဘာလာလုပ်တာလဲ"

သူ့သမီးကို လာတောင်းဖူးသည့် ပိန်ရိုးနှင့်အဖွဲ့ဖြစ်သည်။

"ဦးနဲ့ လာညှိနှိုင်းတာပါ"

"ဘာကွ"

ဦးလေကော၏လေသံကြောင့် ပိန်ရိုးတို့အဖွဲ့ နည်းနည်းလန့်သွား၏။

"ဟို. . . ဦးဘက်ကနေပြီး ကျွန်တော်တို့က မဲဆွယ်ပေးမလို့ပါ၊ အဲ. . . အဲ့ဒါလေး ပြောချင်လို့"

"အောင်မာ. . . မဲဆွယ်ရအောင် မင်းတို့က ဘယ်လောက်တော်နေလို့လဲ"

"အဲဒါတော့မသိဘူး ချိုအီကို ဒီကောင်တွေနှစ်ယောက်ထဲက ဘယ်သူနဲ့မှ မရစေချင်တာဘဲသိတယ်"



မဆိုးတော့ မဆိုးဘူးဟု ဦးလေကောတွေးမိသည်။ သူ့ဘက်က ဘယ်သူမှမရှိတာနဲ့စာရင် တစ်ဖွဲ့ဖွဲ့ရှိတာက ဘာပဲပြောပြော ခံသာသည်ဟု ထင်မိသည်။

"ရန်ပုံငွေကလည်း ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ရှာပြီး လုပ်မှာပါ။ ဦးကသာ အသိအမှတ်ပြုဖို့"

"အေး. . . လုပ်ကွာ"

တစ်ခွန်းတည်းသာ ပြောချလိုက်သည်။ ထိုသို့ဖြင့်-

---

---

---

နောက်တစ်နေ့တွင် အောက်ပါအတိုင်း ဆိုင်းဘုတ်အချို့ထွက်လာလေ၏။

သတိ. . . မောင်ဖေနှင့် မောင်ကိုအား မဲမပေးရန် ဆင့်တွင် တာဝန်ရှိသည်။

■

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် မောင်ဖေအောင်နိုင်ရေးအဖွဲ့၊ မောင်ကိုအောင်နိုင်ရေး အဖွဲ့နှင့် ဘယ်သူနဲ့မှမရရေးအဖွဲ့တို့သည် အပြိုင်အဆိုင်ဖြစ်လာကြလေ၏။

သို့သော် ဘယ်သူနဲ့မှ မရရေးအဖွဲ့သည် မောင်ဖေအောင်နိုင်ရေးအဖွဲ့၊ မောင်ကိုအောင်နိုင်ရေးအဖွဲ့တို့ကို ရန်ပုံငွေအရသော်လည်းကောင်း၊ ရပ်ရွာက မောင်ဖေနှင့် မောင်ကိုဘက်က အားသာနေတာကတစ်ကြောင်း မည်သို့မှ မယှဉ်နိုင်ဘဲ နောက်နှစ်ရက်အကြာတွင် သူတို့၏ မဲဆွယ်ရေးကို ရပ်တန့်လိုက်ရလေ၏။ ဦးလေကောလည်း သူ့အတတ်သူစူးပြီး ဘာမှမပြောနိုင်တော့ပဲ သူ့သမီးလင်ဟာ မောင်ဖေဖြစ်မလား မောင်ကိုဖြစ်မလားသာ စောင့်ကြည့်နေရတော့သည့် အခြေအနေဖြစ်သွားလေတော့သည်။

(၁၀)

တစ်ရက်နှင့်တစ်ရက် မောင်ဖေနှင့် မောင်ကိုတို့၏ မဲဆွယ်မှုအရှိန်သည် တစ်ဖြည်းဖြည်းနှင့် မြင့်တက်လာလေ၏။ ထို့အပြင် မောင်ဖေအောင်နိုင်ရေးနှင့် မောင်ကိုအောင်နိုင် ရေးအဖွဲ့ဝင်များသည် မဲဆွယ်သီချင်းများကိုလည်း ရေးစပ်ပြီး ရွာရိုးတောက်လျှောက် လိုက်ဆိုကြ၏။

"မောင်ဖေ... မောင်ဖေနော်... သိပ်တော်တဲ့ မောင်ဖေနော်"

"မောင်ကို... မောင်ကို အထင်မသေးပါနဲ့... ဆင်လေးတောင်မမဲ့ မောင်ကိုကြီးနော်"

အဓိပ္ပာယ်ရှိလား မရှိလားမသိ၊ သူတို့ဘာသာသူတို့စပ်ပြီး အသံထွက်ပြီးရော ဆိုထားကြခြင်းဖြစ်သည်။

ဘာပဲပြောပြော သူတို့သီချင်းက သူတို့ရွာနဲ့တော့ အံကိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့သည်။

စပ်တတ်သလို စပ်ထားပြီး တွေ့ရာလူများ ဆိုကြသော်လည်း ရည်ရွယ်ချက်ကတော့ ပေါ်လွင်သည်။ မောင်ဖေနဲ့ သဘောတူ၊ မောင်ကိုနဲ့ သဘောတူ စသည်ဖြင့်ပေါ့။

လူကြီးတွေ ညောင်းသွားရင် ကလေးတွေကို ပိုက်ဆံ ပေးပြီး လိုက်အော်ခိုင်းသည်။

ကလေးတွေကလည်း ပိုက်ဆံရတော့ တပြုနပြု အော်ကြတာပေါ့။

"မောင်ဖေ... မောင်ဖေနော်... သိပ်တော်တဲ့ မောင်ဖေနော်"

"မောင်ကို... မောင်ကို... အထင်မသေးပါနဲ့ ဆင်လေးတောင်မမဲ့ မောင်ကိုကြီးနော်"

အဲ... ပြီးတော့ ရွာကသာ ဘာမှမဟုတ်တာ၊ ကြားဖူးနားဝရှိထားသော ဝါဒဖြန့်ချိရေးဆိုလား ဘာဆိုလားလည်း လုပ်ကြသေးသည်။

သူတို့ဝါဒဖြန့်တာက လွယ်ကူသည်။ မနက်တိုင်း ဈေးရောင်းသော ပဲပြုတ်သည်၊ အကြော်သည် စသည်တို့ကိုသာ ပြောလိုက်၊ တစ်ရွာလုံး သူတို့လွှင့်ချင်သည့်သတင်းကို အချိန်မီ လွှင့်လို့ရပြီဖြစ်သည်။

"ဒါ မီဒီယာ အသစ်ပေါ့"



ဆိုပြီး မဲဆွယ်ရေးတစ်ယောက်ရဲ့ ပြောနေသံကို ကြားလိုက်ရသည်။

အဲ့ဒီလိုနဲ့ တစ်ရွာလုံးမှာ မောင်ဖေဘက်ကလူနဲ့ မောင်ကိုဘက်ကလူဆိုပြီး အပြိုင်အဆိုင် ဖြစ်လာကြသည်။

"မောင်ဖေက ဘယ်လောက်တောင် တော်လို့လဲကွ"

"အံမာ... မင်း... မောင်ကိုကရော"

စသည်ဖြင့် ဟိုဘက်ဒီဘက် စောင်းငန်းပြောဆို မထိတထိဖြစ်လာသည်အထိပင် ပြင်းထန်လာလေ၏။

"မောင်ဖေ ဘယ်လောက်တော်သလဲဆိုရင် ဟိုတစ်နေ့က သင်းရဲ့ကိစ္စကို ဖြေရှင်းပေးလိုက်တာပဲ ကြည့်ပါလား၊ အဲ့ဒီတော့ ချိုအိနဲ့ သင့်တော်တာ သူပဲရှိတယ်"

"အောင်မာ... မသင်းကိစ္စက ပါးပါးလေးပဲရှိတာ၊ ဟိုကိုအောင်မော်သိန်းထွန်းရဲ့ကိစ္စကို မောင်ကို စဉ်းစားပေးလိုက်တာလည်း ထည့်တွက်ဦးလေ... မသိခက်မယ်၊ ချိုအိက မောင်ကိုနဲ့မှ လိုက်တာ"

သူ့ဘက်လူ ကောင်းတယ်၊ ငါ့ဘက်လူ ကောင်းတယ်နဲ့ ငြင်းခုန်နေတာတွေလည်း တစ်ရွာလုံးလိုလိုဖြစ်သည်။

ထူးခြားတာက မောင်ဖေနှင့် မောင်ကိုတို့သည် သူတို့ကိုယ်သူတို့ မဲဆွယ်ခြင်းကို ဝင်ရောက်မလုပ်ဘဲ ပုံမှန်နေမြဲအတိုင်း ကူညီ[illegible]တ်သာ ကူညီနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်စားပြုအဖွဲ့တွေကို ကောင်းသည်ဆိုးသည်ဟု မပြောဘဲ ဒီအတိုင်း လွှတ်ထားလေ၏။

ဒါကလည်း ဗျူဟာတစ်မျိုးပဲ ဖြစ်ပေလိမ့်မည်ဟု အားလုံးက ကိုယ်ထင်ရာ ကိုယ်တွေးနေကြသည်။

ပဲပြုတ်သည် ဒေါ်လွှမ်းကတော့ ထိုကိစ္စကို တကူးတက မေးဖြစ်အောင် လိုက်မေးသည်။

"မောင်ကို"

"ဗျာ. . ."

"ဟိုတစ်နေ့က နင့်အဖွဲ့ကလူတွေက နင့်ကို ဟောပြောပွဲ လုပ်ဖို့တောင်းဆိုတာကို ငြင်းလိုက်တယ်ဆို"

"ဟုတ်တယ်"

မောင်ကိုက အတည်ပြုစကားဆိုသည်။

"ဘာဖြစ်လို့လဲ"

"အဟီး. . . ဒေါ်လွှမ်းရယ်၊ ကျွန်တော်က လူရှေ့သူရှေ့ တွေမှာ စကားမပြောတတ်ဘဲ"

"ဟဲ့. . . ဒါကတော့ ပြောတတ်အောင် ပြောရမှာပေါ့ သူများတွေလည်း ဒီလိုပဲ ခဏခဏ ပြောနေကြတာ"

"အာ. . . ကျွန်တော်က ပိုဆိုးတယ်"

"ဘာဆိုးတာလဲ"

"သူတို့တွေ လက်ခုပ်တီးရင် ကျွန်တော့်မီးညောင့်ရိုးက တွန့်



တွန့်သွားလို့ဗျ. . . အဟီး"

"အင်"

မကြာမီအချိန်တွင် 'မီးညောင်ရိုးတွန့်တတ်သောကြောင့် မောင်ကို လူရှေ့သူရှေ့ စကားမပြော'ဆိုသည့် သတင်းသည် တစ်ရွာလုံး ပျံ့နှံ့သွားလေ၏။

ဒါကို မောင်ကိုအောင်နိုင်ရေးအဖွဲ့က သူတို့ကို သက်သက် တိုက်ခိုက်တယ်ဆိုပြီး ဖြေရှင်းချက်လုပ်နေသေးသည်။

ဒေါ်လွှမ်းက ထိုကိစ္စတွင် မောင်ဖေကိုလည်း အလွတ်မပေးပေ။

အဘယ့်ကြောင့်ဆိုသော် မောင်ဖေကလည်း လူရှေ့သူရှေ့ စကားပြောရန် ငြင်းထားသောကြောင့်ဖြစ်သည်။

"နင်ကရော ဘာဖြစ်လို့ စကားပြောဖို့ ငြင်းရတာလဲ"

"အဟဲ. . . ဒေါ်လွှမ်းကလည်း ကျွန်တော့်အကြောင်း သိပါတယ်"

"ဟင်. . . ငါက ဘာသိလို့လဲ"

"ကျွန်တော်က ရှက်တတ်တယ်"

"လာပြန်ပြီ နောက်တစ်ယောက်၊ ဘာကို ရှက်တတ်တာလဲ"

"ဟို. . . လူစုလူဝေးဘက် မျက်နှာမူပြီး (၁) မိုးရမယ်ဗျာ. . . ဟုတ်ဘူးလား"

"အေး. . . ဟုတ်တယ်"

"(၂) အနေနဲ့. . . လက်ကလေးကို လေပေါ်မြှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော် တော်ကြာကြာ နှုတ်ဆက်ရမယ်ဗျာ"

"အေး. . . အဲ့ဒါနဲ့ နင်ရှက်တာနဲ့ ဘာဆိုင်လို့လဲ"

"ကျွန်တော်က ရှက်တတ်တော့ အပြုံးက မပီပြင်ဘူးဗျ၊ ရွဲ့သလို စောင်းသလိုလို မအီမလည်ကြီး ဖြစ်သွားရောဗျာ၊ ပြီးတော့ ကျွန်တော်က လက်ကြာကြာ မမြှောက်တတ်ဘူး၊ အဲ. . . အဲ့ဒါကြောင့်"

"ရော်"

ခဏအကြာတွင် 'မအီမလည်ပြုံးမိမှာစိုးသောကြောင့် မောင်ဖေ စကားမပြောခြင်းဖြစ်'ဆိုပြီး ပျံ့သွားပြန်သည်။

တကယ်တော့ မောင်ဖေနှင့် မောင်ကိုမှာ ရှုတ်နှောက် နောက်နေတတ်သူများဖြစ်သောကြောင့် ပေါက်တတ်ကရ လျှောက် ဖြေနေခြင်းဖြစ်သည်။

မဲဆွယ်မှုများ လုပ်နေသည်ကိုလည်း အပျော်သဘောအနေ နဲ့ ကြည့်နေကြခြင်းဖြစ်သည်။

တစ်ခါတစ်ရံ နောက်နောက်ပြောင်ပြောင် လုပ်တာတွေတောင် ရှိသည်။ သို့သော်. . .

■

(၁၁)

သို့သော် မောင်ဖေနှင့် မောင်ကိုတို့သည် သူတို့နည်း သူတို့ ဟန်ဖြင့် တိတ်တဆိတ်မဲဆွယ်နေကြောင်းကိုတော့ တစ်ရွာလုံး မရိပ် မိကြချေ။

သူတို့နှစ်ယောက်စလုံးသည် တစ်ဦးအထာ တစ်ဦးသိသည့် အလား လုပ်ပုံနည်းစနစ်များသည်လည်း ထူးဆန်းစွာ တူနေတတ် သည်။

သူတို့လုပ်ပုံက ရိုးရှင်း၏။ သူတို့ကို ထောက်ခံနိုင်သည့် လူစာရင်းနှင့် မထောက်ခံနိုင်သည့် လူစာရင်း ခန့်မှန်းကို ဦးစွာ ပြုစုလေ၏။

ပြီးမှ မထောက်ခံနိုင်ဘူးထင်သည့် တစ်ဖက်လူများကို စည်းရုံးခြင်းဖြစ်သည်။ စည်းရုံးတယ်ဆိုတာကလည်း တကယ်[illegible]က ဟုတ်ဘဲ စကားပြော၊ ကူညီ ဒီလောက်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ-မောင်ဖေသည် သူ့ကို မထောက်ခံနိုင်သည့် စာရင်းထဲတွင် ပါဝင်သည့် လူတစ်ဦးနှင့် တွေ့သည်ဆိုပါစို့။ နမူနာအနေနှင့် ပြောရရင် တစ်နေ့တုန်းကဆိုရင် ဦးဆင်မင်းနှင့် လမ်းမှာတွေ့၏။

လမ်းမှာတွေ့သည်ဆိုတာကလည်း လမ်းသွားရင်းနဲ့ တွေ့တာမဟုတ်ဘဲ ဦးဆင်မင်းက မြေကြီးပေါ်တွင် ထိုင်ပြီး တုတ် တစ်ချောင်းနဲ့ ဟိုခြစ်ဒီခြစ် လုပ်နေစဉ် သူကတွေ့ခြင်းဖြစ်သည်။

ဦးဆင်မင်းသည် သူ့ကို မထောက်ခံသည့် လူစာရင်းတွင် ပါဝင်သည်။ ပြီးတော့ သချ်ာရူးရူးနေသည့်သူဖြစ်သည်။

တစ်နေ့တွင် နာမည်ကြီးသချ်ာဆရာတစ်ယောက်၊ ကမ္ဘာက လက်ခံလာနိုင်သည့်သူတစ်ယောက် ဖြစ်လာရမည်ဟု အမြဲ ကြုံးဝါးတတ်သည့်သူဖြစ်သည်။

အခုလည်း မြေကြီးပေါ်မှာ ဘာတွေမှန်းမသိသည့် ဂဏန်းများကိုရေးခြစ်နေရင်း တွေ့လိုက်ရခြင်းဖြစ်သည်။

"ဦးဆင်မင်း"

သူ့ရှေ့တွင် ရပ်လိုက်ရင်း မောင်ဖေက ခေါ်လိုက်ခြင်းဖြစ်သည်။ ဦးဆင်မင်းသည် တစ်ချက်ပြုံးလိုက်ရင်း-

"ကမ္ဘာကျော်မယ့် ဆရာကြီးတစ်ယောက်လည်း သူ မြေကြီးပေါ် သချ်ာတွက်နေတုန်း အခုလိုပဲ သူ့ရှေ့မှာ လူတစ်ယောက် လာပိတ်ရပ်ဖူးတယ်ကွ"

ဟု ရေရွတ်ပြီး သဘောကျနေလေ၏။



"ဦးဆင်မင်း"

သူက ထပ်ခေါ်လိုက်သည်။

"ဘာလဲ မောင်ဖေ"

"ဘာလုပ်နေတာလဲ"

သိရက်သားနဲ့ မေးလိုက်၏။

ဦးဆင်မင်းက လည်ချောင်းတစ်ချက်ဟန့်ရင်း သူ့ထုံးစံအတိုင်း ပြန်ဖြေ၏။

"နာမည်ကျော်မယ့် သချ်ာတွေကို တီထွင်တွက်နေတာပါ"

ဟုဆိုရင်း အဟီးဟီးဆိုကာ သူ့ဘာသာသူ ပြန်သဘောကျနေလေ၏။ ပြီးမှ မောင်ဖေကို မော့ကြည့်ရင်း-

"ဒီမယ် မောင်ဖေ"

"ဗျာ"

"မင်း. . . ငါ့ရှေ့မှာ လာရပ်ပြီး ဦးဆင်မင်းရေလို့ လာခေါ်တာ မရိုးသားဘူး"

"ဘာဖြစ်လို့လဲ"

"မင်း ငါ့ကိုလာပြီး မဲဆွယ်မလို့မှတ်လား"

သူလည်း မခေပါဘူး။

"ဒါဆို ဦးဆင်မင်းက ကျွန်တော့်ဘက်က မဟုတ်ဘူးပေါ့"

"အေး. . . မဟုတ်ဘူး"

ဦးဆင်မင်းသည် ထိုသို့ပြောပြီး သူ့ဂဏန်းများကို ပြန်တွက်

www.burmeseclassic.com

www.burmeseclassic.com



[illegible]။

"အင်း. . . ကျွန်တော်က ဦးဆင်မင်းအတွက် စိတ်ဝင်စားရလောက်တဲ့ သင်္ချာလေး လာပြတာ၊ အခုတော့ ဦးဆင်မင်းက ကျွန်တော့်ကို မထောက်ခံတဲ့သူဆိုတော့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပြီ"

သူ့စကားကြောင့် ဦးဆင်မင်း နည်းနည်းတုန်လှုပ်သွားတာကို တွေ့ရသည်။ သူဆင်ထားတဲ့ဂွင်တော့ ဝင်လာပြီဖြစ်သည်။

မောင်ဖေသည် စိတ်ပျက်လက်ပျက်ပုံစံဖြင့် ဦးဆင်မင်း ထိုင်သည့်ဘေးတွင် ဝင်ထိုင်လိုက်သည်။

"မထောက်ခံတော့လည်း မပြောရှုံဘဲ ရှိတော့တာပေါ့"

တိုးတိုးလေး ရေရွတ်သံကြောင့် ဦးဆင်မင်းက သူ့ကို တစ်ချက်ကြည့်ရင်း-

"ဟေ့ကောင် မောင်ဖေ"

"ဗျာ"

"မင်းရဲ့သင်္ချာပုစ္ဆာက ဘယ်လောက်တောင်ကောင်းနေလို့ ဒီလိုပြောနေရတာလဲကွ"

ဦးဆင်မင်း နည်းနည်းစိတ်ပါလာပြီဖြစ်သည်။

"အရမ်းကြီးတော့လည်း မဟုတ်ပါဘူးဗျာ၊ အင်္ဂလိပ်စာလုံးလေးတွေကို မြှောက်ကြည့်တဲ့ ဂဏန်းသင်္ချာပုစ္ဆာလေးပါဗျာ၊ ဦးဆင်မင်း စိတ်ဝင်စားလောက်မယ် မထင်ပါဘူး"



"အင်္ဂလိပ်စာလုံးလေးတွေကိုမြှောက်တဲ့ ဂဏန်းသင်္ချာပုစ္ဆာ"

နှုတ်ကရေရွတ်ရင်း စဉ်းစားနေပုံရသည်။

ထိုစဉ်မှာပဲ မောင်ဖေက ထိုင်နေရာမှ ထဖို့ဟန်ပြင်သည်။

"နေ. . . နေပါဦးကွ၊ အဲ့ဒါ ငါမသိဘူးကွ"

ဟုဆိုကာ အတွင်းဆွဲထားလေသည်။

"အာ. . . ကျွန်တော်ပြောပြလည်း ဦးဆင်မင်းက ကျွန်တော့်ကို ထောက်ခံတာမှ မဟုတ်တာ။ မပြောတော့ပါဘူး"

"လုပ်ပါကွာ. . . မင်းကလည်း၊ ဒီလိုလုပ်ကွာ. . . မင်း ပုစ္ဆာသိပ်ကောင်းနေရင် ငါ မင်းကို ထောက်ခံမယ်"

မောင်ဖေက မယုံသလိုလို ဘာလိုလိုပုံစံ ဖမ်းလိုက်ပြီး-

"တကယ်လား"

"ဟာ. . . တကယ်ပါကွ၊ မောင်ဖေရဲ့ မင်း ငါ့ကို မယုံဘူးလား"

ထို့ကြောင့် မောင်ဖေလည်း အချိန်ကြာကြာ ဆွဲမနေတော့ဘဲ-

"အင်း. . . ဒါဆိုလည်း ကျွန်တော် ရေးပြမယ်"

သူရေးခြစ်နေသော တုတ်ကိုယူပြီး မြေကြီးပေါ်တွင် ချရေးလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

```
      S   E   N
   ×  S   E   N
 ---------------
  S   X   B   S
S A   S   H
S E   N
 ---------------
B O   X   E   S
```



"ဟင်. . . မင်းဟာက ဘာကြီးလဲ"

"ဒီလိုလေ. . . အဲ့ဒီအင်္ဂလိပ်စာတွေကို သင့်လျော်တဲ့ ဂဏန်းအက္ခရာတွေနဲ့ အစားသွင်းရမှာ"

"ဒါဆို တွေ့ရာဂဏန်းတွေ သွင်းလို့ရတာပေါ့"

"မရဘူးလေ၊ S က I လို့ အစားသွင်းမယ်ဆိုရင် အောက်က S နေရာတွေမှာ I ရတဲ့ ဂဏန်းဖြစ်ရမှာ"

တွေဝေသွားသည်။ ထို့နောက် စဉ်းစားရင်းစဉ်းစားရင်း ဦးဆင်မင်းမှာ ထိုပုစ္ဆာထဲ မျောသွား၏။

နောက်သုံးရက်ကြာမှသာ 'မောင်ဖေ'ရေ အဖြေရပြီဆိုပြီး အိမ်ရောက်လာလေ၏။ ဒီလိုပုံစံမျိုးနဲ့ မောင်ဖေက မဲဆွယ်တာပါ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

တစ်နေ့ မောင်ကိုလည်း ပျင်းပျင်းရှိတာနဲ့ ရွာနားက တောအုပ်ထဲထွက်လာရင်း လူခြောက်ယောက် ငြင်းခုန်နေတာကို တွေ့ရ၏။

သေသေချာချာကြည့်လိုက်တော့ ငြင်းခုန်နေသော လူခြောက်ယောက်တွင် သုံးယောက်က သူ့ကိုထောက်ခံသောသူများဖြစ်ပြီး ကျန်သုံးယောက်ကတော့ မောင်ဖေ ထောက်ခံသူများဖြစ်သည်။

ခြောက်ယောက်စလုံးသည် သစ်ခုတ်ရင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။

သေချာနားထောင်ကြည့်တော့ အခုဖြစ်ရသည့်ပြဿနာသည် တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင်ပြောရင်း သစ်ပြိုင်ခုတ်ကာ ပြဿနာတက်ရခြင်း ဖြစ်သည်။




နီးနီးကပ်ကပ်ရှိနေသည့် သစ်ပင်ခြောက်ပင်ကို ပြိုင်တူခုတ်ရင်း အရင်လဲကျသည့်သူ၏သစ်ပင်က အနိုင်ဖြစ်သည်။

သို့သော် ခုတ်သည့်သစ်ပင်များက ပြိုင်တူလိုလိုပင် လဲကျသည့်တစ်ဖက်ပါပုံစံကြောင့် ဘယ်သူနိုင်လို့နိုင်မှန်း ခွဲခြားမရဖြစ်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com






သူ့သစ်ပင်က အရင်လဲတယ်၊ ငါ့သစ်ပင်က အရင်လဲတယ် လို့ ငြင်းခုန်နေကြခြင်းဖြစ်သည်။

အဲ့ဒီလိုပြဿနာဖြစ်နေရင်း မောင်ကို ကို တွေ့သွားခြင်း ဖြစ်သည်။

"ဟာ. . . မောင်ကို"

မောင်ကို ကို ထောက်ခံသည့် သူများက အားရဝမ်းသာစွာ နှုတ်ဆက်ကြသည်။ မောင်ဖေဘက်က လူတွေကတော့ ခပ်တည် တည်နဲ့ လုပ်နေကြ၏။

"ဒီမှာဗျာ ပြဿနာဖြစ်နေလို့"

ဆိုပြီး သူတို့ပြဿနာကို ရှင်းပြသည်။ ပြီးနောက် ဘယ်လို လုပ်ရမလဲ အကူအညီတောင်းလေ၏။

ထို့နောက် မောင်ကိုလည်း ပြဿနာဖြစ်ရသော သစ်ပင်ပုံ ကြီးကို တစ်ချက်ကြည့်ပြီးနောက် မောင်ဖေဘက်ကလူများဘက် လှည့်လိုက်သည်။

"ကျွန်တော် ဆုံးဖြတ်ပေးရင် လက်ခံမလား"

ဟု မေးလိုက်၏။

"အကျိုးအကြောင်းဆီလျော်ပြီး သမာသမတ်ကျတဲ့ အဖြေ ဆိုရင်တော့ လက်ခံပါတယ်"

"ရပါတယ်၊ ကျွန်တော်လည်း မျက်မြင်အဖြေကိုပဲ ပြောပြ မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦး"

မောင်ကိုသည် သစ်ပင်ပုံကြီးကို နောက်တစ်ခေါက် ကြည့်ပြီးနောက်-

"ဒီပွဲမှာ ဦးတေလဲ နိုင်တယ်"

"ဘာဖြစ်လို့လဲ"

ဦးတေလဲသည် မောင်ကိုလူ ဖြစ်သောကြောင့် မောင်ဖေဘက်က လူများက ပြာပြာသလဲပဲ ဝင်မေးခြင်းဖြစ်သည်။

"အရင်ဆုံး မြေကြီးကိုထိတဲ့ သစ်ပင်က အောက်ဆုံးမှာ ရှိရမှာမှတ်လား"

"အင်း. . . အဲ့ဒါတော့ ဟုတ်တယ်"

"ရှင်းနေတာပဲလေ. . . သစ်ပင်ပုံကို သေချာကြည့်ပါလား၊ ဘယ်သစ်ပင်က အောက်ရောက်နေလဲလို့"

မောင်ကိုပြောမှပင် သူတို့သည် အောက်ရောက်နေသော သစ်ပင်ကို ဝိုင်းရှာကြည့်လေသည်။

■

ဒီလိုနဲ့

မောင်ဖေနှင့် မောင်ဖေ မဲဆွယ်ရေးရော

မောင်ကိုနှင့် မောင်ကို မဲဆွယ်ရေးရော

နှစ်ဦးနှစ်ဖက်လုံးဟာ အသီးသီး အပြိုင်အဆိုင် မဲဆွယ်ကြလေ၏။

သူ့ဘက်ကိုယ့်ဘက်နှင့် အချင်းချင်း ပြဿနာတက်တာ တွေလည်း ရှိကြသည်။

လက်ရှိအနေအထားက ဘယ်သူမှ မသာသည့်အနေအထားဆိုတော့ တစ်ရွာလုံးကလည်း စိတ်ဝင်တစားနဲ့ မောင်ဖေ၊ မောင်ကိုပဲ ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင်
ပဲပြုတ်သည် ဒေါ်လွမ်း၊
အီကြာကွေး လိုက်ရောင်းသော ဒေါ်အေးအာ
အသုတ်စုံ ဒေါ်ထိပ်တင်
မုန့်စိမ်းပေါင်း မဝင်းမြင့်
တွန်းလှည်း ကိုစိန်ဖေတို့၏
စစ်တမ်းအရ
မောင်ဖေသည် ၄၀%
မောင်ကိုသည် ၄၁% နှင့်
ဦးလေကောက ၁၉%
အသီးသီး ရရှိနေသည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။
သို့သော်. . .

သို့သော်

ဦးလေကော အလှူပွဲမတိုင်ခင် တစ်ပတ်အလို၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်ကြောင့် ရွေးကောက်ပွဲကြီး၏ အခြေအနေသည် ပြောင်းဆန်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသည်မှာ

ရွာထဲကို ဓားပြအဖွဲ့တစ်ဖွဲ့က

ဓားပြဝင်တိုက်ခြင်းဖြစ်သည်။

(၁၃)

ထိုနေ့က တစ်ရွာလုံး တိတ်တိတ်ဆိတ်ဆိတ်နဲ့ အေးငြိမ်းနေသောနေ့တစ်နေ့ဖြစ်သည်။

ကလေးတွေရဲ့ ရွာမိုးကိုးပေါက် လျှောက်ဆော့နေသော ဆူဆူညံညံအသံများကိုသာ ကြားရသည်။

လူကြီးတချို့က အရိပ်ရသစ်ပင်အောက်တွင်ထိုင်ရင်း ရေနွေးကြမ်းသောက်ကာ မောင်ဖေနှင့် မောင်ကိုအကြောင်းကို ပြောနေကြ၏။

နေက တစ်ချက်တစ်ချက် တိမ်အောက်မှ ထွက်ထွက်လာပြီး ရှိုးတိုးရိပ်တိတ်ပူနေ၏။

အိမ်ရှေ့က ဖြတ်လျှောက်သွားသော လူတစ်စုကို အိမ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင်ရှိနေသော လူကြီးတစ်ဦးမှ-

"ဟော့. . . ဝင်ပါဦးလား၊ ရေနွေးလေးဘာလေး သောက်ဦး"

ဆိုပြီး လှမ်းခေါ်နေသံလည်း ကြားရသည်။

ထိုလူကြီးသည် အခုတလော ခေတ်စားနေသည့်အကြောင်းကို ပြောစရာလူမရှိ၍ စကားပြောဖော်ရအောင် လှမ်းခေါ်ခြင်း ဖြစ်ပုံရသည်။

"ဒေါက်"

"ဖျတ်. . . ဖျတ်. . . ဖျတ်"

"နာတယ်ကွာ၊ ထိလိုက်ရမှာ"

ငှက်ကို လေးခွနဲ့ပစ်၍ မထိလိုက်သောကြောင့် ကလေးနှစ်ဦး၏ မကျေနပ်သံ။

ရွာအရှေ့ဘက်မှာတော့ မောင်ကိုအောင်နိုင်ရေး ကွမ်းယာဆိုင်တွင်တော့ ကွမ်းဝယ်စားသူများနှင့် တရုန်းရုန်း။

မလှမ်းမကမ်း မောင်ဖေအောင်နိုင်ရေး အအေးဆိုင်တွင်လည်း အားပေးသူများ မနည်း။

ဒါကိုကြည့်ပြီး. . .

"တကယ်ပဲ တစ်ရွာလုံးက နှစ်ခြမ်းကွဲသွားပြီလား"

ဆိုပြီး တိုးတိုးတိတ်တိတ် ပြောနေကြသည့် လူကြီးနှစ်ယောက်၏ ဝေဖန်သံကလည်း လွင့်ပျံ့နေသည်။

လေပူကြီးတစ်ချက်တိုက်သည်။ အအေးသောက်နေသူများ



ဘ အအေးခွက်များကို အလျင်အမြန် လက်နဲ့အုပ်လိုက်သလို ကွမ်းစားနေသော သူများကလည်း မျက်နှာများကို ရုတ်တရက် လွှဲလိုက်ကြ၏။

"လေကလည်း ပူလိုက်တာကွာ"

"အေး. . . ဒီနေ့မှ ဘယ်လိုဖြစ်တာလဲ"

မျက်လုံးထဲ ဖုန်ဝင်သွားသူနဲ့၊ အအေးခွက် ဖုန်ဝင်သွားသူနဲ့ သုပ်လုပ်ရှားရှားတော့ နည်းနည်းဖြစ်သွားသည်။

"ဘကြီးရေ မိန်းမက အိမ်ပြန်လာပါဦးတဲ့"

နွားလှည်းမောင်းသွားသူက အအေးဆိုင်ထဲ လှမ်းအော်သွားသည်။

"အေး. . . အေး"

"ဟော့ကောင်. . . မင်း ဘယ်သွားမလို့လဲ"

အအေးဆိုင်ထဲကလည်း ပြန်အော်သည်။ သို့သော် နွားလှည်းပေါ်ကလူကမကြားတော့ဘဲ နွားလှည်းကိုသာ ဂရုတစိုက် မောင်းသွားလေ၏။

"ဒီကောင် ပေသီးကွာ"

မချင့်မရဲ ရေရွတ်သံ။

သစ်ပင်အောက်တွင် နေအရိပ်ကိုကြည့်ပြီး သချာတွက်နေသော ဦးဆင်မင်း။

သူ့ကိုမထောက်ခံသော လူတစ်စုနှင့် စကားပြောနေသည့်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖေ။ ရယ်ရယ်ပြုံးပြုံးနှင့် အရွှန်းဖောက်နေသည့် မောင်ကိုး

စသည်တို့ဖြင့် သဘာဝအတိုင်း ပုံမှန်လည်ပတ်နေသော ရွာလေးတွင်. . .

■

(၁၄)

"ဟင်. . . ဟိုမှာ ပေသီး ပြေးလာပါလား"

အအေးဆိုင်က လူတစ်ယောက်၏ ပြောစကားကြောင့် ဘွမ်းယာဆိုင်ကလူများရော၊ အအေးဆိုင်က လူများပါ ရွာအဝင်လမ်းကို လှမ်းကြည့်လိုက်ကြ၏။

"အေး. . . ဟုတ်ပါရဲ့၊ ကမူးရှူးထိုးကြီး ပြေးလာပါလား၊ ခုနက နွားလှည်းနဲ့ ထွက်သွားတာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ငါ အော်ပြောတာတောင် မကြားတော့တာ၊ ဘာကျန်ခဲ့လို့လည်း မသိဘူး"

ပေသီးသည် ပုဆိုးတိုတိုဝတ်ပြီး ရွာအဝင်လမ်းမတလျှောက် ရေကြီးသုတ်ပြာနှင့် ပြေးလာခြင်းဖြစ်သည်။

သူပြေးလာသည့်တစ်လျှောက် ဖုန်တထောင်းထောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထပြီး ကျန်ရစ်ခဲ့လေသည်။

အားလုံးက ပေသီးပြေးလာပုံကို ထူးထူးဆန်းဆန်းနှင့် ဝိုင်းကြည့်နေကြစဉ်တွင်-

"ဒိုင်း"

သေနတ်သံတစ်ချက်ကြားလိုက်ရပြီး ပြေးနေသောပေသီး လဲကျသွားတာကို မြင်လိုက်ရသည်။

"ဟင်"

"ဟာ"

အားလုံး တအံ့တသြနဲ့ မှင်သက်မိနေစဉ်မှာပင် ပေသီး နောက်က ဖုန်တထောင်းထောင်းထနေသော ဖုန်လုံးကြီးသည် ရွာထဲသို့ လိမ့်ဝင်လာနေတာကို တွေ့လိုက်ရ၏။

"ဘာကြီးလဲဟ"

"သေနတ်သံက ဘယ်က ထွက်လာတာလဲ"

"ပေသီးက လဲကျသွားတာလား"

တစ်ယောက်တစ်ခွန်း ပြောနေစဉ်မှာပင် သေနတ်သံ နောက်တစ်ချက် ထွက်ပေါ်လာ၏။

"ဒိုင်း"

"အမလေး"

"ဟင်"

"ဓားပြတွေဟေ့. . . ဓားပြတွေ"



ပေသီး၏ အသားကုန်အော်ဟစ်သံတစ်ချက် ကြားလိုက်ရသည်။

အားလုံးဝရုန်းသုန်းကားဖြစ်သွားပြီး သူ့ထက်ငါ အလု အယက်ပြေးကြလေ၏။ အော်ဟစ်သံများ၊ သေနတ်သံများ၊ မြင်းခွာသံများဖြင့် ထိုရွာကလေးသည် ကမ္ဘာပျက်သလို ဖြစ်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

မောင်ဖေနှင့် မောင်ကိုသည် လက်ရှိနေရာမှာပင်ရပ်ပြီး တအံ့တဩနဲ့ ကြောင်ကြည့်နေမိသည်။

ဦးတည်ရာမဲ့ပြေးနေသော ယောက်ျား၊ မိန်းမများ၊ ကလေးများကိုကြည့်ကာ ငြိမ်ပြီးရပ်နေမိခြင်းဖြစ်သည်။

"ဒိုင်း"

"ဒိုင်း"

"အမလေး"

"အား"

မိုးပေါ် သေနတ်ပစ်ပြီး ခြောက်လှန့်သောကြောင့် ကြောက်လန့်တကြားနှင့် လဲကျသူ၊ တိုက်မိသူများနှင့်အတူ ရွာကလေးသည် ဆူညံပွက်လောရိုက်နေတော့သည်။

"ဒီရွာကသူကြီး ဘယ်သူလဲကွ"



ဓားပြခေါင်းဆောင်ဖြစ်ဟန်တူသူက မြင်းပေါ်ကနေ လှမ်းအော်မေးသည်။

ဘယ်သူမှ ပြန်မဖြေသောကြောင့် ဓားပြခေါင်းဆောင်မှာ စိတ်တိုသွားပြီး. . .

"ငါမေးနေတယ်လေ"

ဆိုပြီး အော်ကြီးဟစ်ကျယ်နဲ့အတူ မိုးပေါ်ကို သေနတ်တစ်ချက် ဖောက်လိုက်၏။

"ဒိုင်း"

"ဦး. . . ဦးဝပါ"

နီးစပ်ရာ လူတစ်ယောက်က ကြောက်ကြောက်လန့်လန့်ဖြင့် ဝင်ဖြေလိုက်၏။

"အေး. . . သူ့အိမ်ကို လိုက်ပြစမ်း"

ဓားပြတစ်ယောက်သည် ထိုလူကို ဂုတ်ကနေ ခပ်ကြမ်းကြမ်းဖြင့် ဆွဲမလိုက်၏။

အနီးအနားတွင်ရှိသော လူများအားလုံးကိုလည်း သေနတ်နဲ့ ချိန်ထားသောကြောင့် ဘယ်သူမှ မပြေးဝံ့ဘဲ ငုတ်တုတ်ထိုင်ချလိုက်ရသည်။

ထိုလူများထဲတွင် မောင်ဖေနှင့် မောင်ကိုလည်း ပါဝင်လေ၏။ ဓားပြအဖွဲ့မှာ လူတော်တော်များ၏။

အယောက်ငါးဆယ်၊ ခြောက်ဆယ်ခန့်ပင် ရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်အပြည့်အလျှံ တကယ်သတ်ရဲဖြတ်ရဲမည့် သူများပင် ဖြစ်သည်။

ပေသီးပင် သူတို့လက်ချက်နှင့် ဦးစွာသေဆုံးသွားခဲ့ရပေပြီ။ ရွာသူရွာသားအားလုံးမှာ ကြောက်လည်းကြောက်၊ ဒေါသလည်း ထွက်နေသောကြောင့် သူတို့ပြောသည့်အတိုင်း ငြိမ်ခံနေရသည်။

ယခု ဖမ်းမိထားသောသူများမှာ မောင်ကိုအောင်နိုင်ရေး ကွမ်းယာဆိုင်နှင့် မောင်ဖေအောင်နိုင်ရေး ကွမ်းယာဆိုင်ရှိလူများ အကုန်ပင်ဖြစ်သည်။

ထိုလူအားလုံးမှာ လက်ကို ခေါင်းပေါ်တင်ထားပြီး ငုတ်တုတ် ထိုင်နေကြရ၏။

"အားလုံး ထစမ်း"

စားပြခေါင်းဆောင်က လှမ်းအော်လိုက်မှပင် အားလုံး ထရပြီး ရွာထဲသို့ စားပြအဖွဲ့နှင့်အတူ လှမ်းဝင်ကြရသည်။ ဦးတည် ရာကတော့ သူကြီးဦးဝအိမ်ပင်ဖြစ်သည်။

■

(၁၆)

ခေါင်းပေါ်လက်တင်ပြီး ဝင်လာသော ရွာသူရွာသားများ နှင့် သေနတ်များ ကိုင်ဆောင်လာသောသူများ သူ့အိမ်ခြံဝန်းအတွင်း သို့ ဝင်လာတာကိုကြည့်ပြီး သူကြီးဦးဝမှာ ကြက်သေသေသွား လေသည်။

နောက်မှ သူ့ရွာ စားပြတိုက်ခံရမှန်း သိလိုက်ရပြီး အများ နည်းတူ ငြိမ်နေလိုက်ရသည်။

"ခင်ဗျားက ဒီရွာက သူကြီးလား"

"ဟုတ်ပါတယ်"

ဦးဝက လူကြီးပီပီ ကြောက်ရွံ့မှုကိုမပြဘဲ ပြန်ဖြေ၏။

ငုတ်တုတ်ထိုင်နေသော သူ့ရွာသူ ရွာသားများကိုလည်း တစ်ချက်ကြည့်လိုက်၏။

"ဒီရွာမှာ အိမ်ခြေဘယ်လောက်ရှိ လဲ"

www.burmeseclassic.com

www.burmeseclassic.com



"..... လောက်ရှိပါတယ်"

"စာရင်းအတိအကျရှိလား"

"ရှိပါတယ်"

"အဲ့ဒါပေးစမ်း"

ဓားပြခေါင်းဆောင်က တော်တော်ကြမ်းမည့်ပုံပေါ်သည်။

မောင်ဖေနှင့် မောင်ကိုက ဓားပြကို တစ်ချက်မော့ကြည့်လိုက်၏။ အသက်အရွယ်အားဖြင့် လေးဆယ်ခန့်ရှိမည်ဖြစ်ပြီး ရုပ်ဆိုးပြီး ရက်စက်မည့်အသွင်သဏ္ဍာန် ပေါ်လွင်လှသည့် ဉပမိရုပ်ရှိသူဖြစ်သည်။

"ဟိုနှစ်ကောင် ဘာကြည့်တာလဲ"

ဓားပြခေါင်းဆောင်က သူတို့နှစ်ယောက်ကို မြင်သွားပြီး လှမ်းအော်လေ၏။ မောင်ဖေနှင့် မောင်ကိုကလည်း 'အဟီး'ဟု ရယ်ပြလိုက်ရင်း ခေါင်းငုံ့လိုက်ကြ၏။ မျက်နှာကတော့ စပ်ဖြဲဖြဲဖြစ်နေကြသည်။

တကယ်တော့ သူတို့ရွာသည် တစ်ခါမှ ဓားပြမတိုက်ခံရဘူးသောကြောင့် ကြောက်ရမယ်မှန်းသိသော်လည်း သိပ်မကြောက်မိခြင်းပင်ဖြစ်သည်။

သို့သော် ပေသီးတစ်ယောက်လုံး သူတို့ရှေ့မှာပင် သေနတ်ပစ်ခံသွားရသောကြောင့် တကယ်လုပ်မည့် ဓားပြတွေပဲဆိုပြီးလည်း အနည်းငယ် လန့်နေကြခြင်းသာဖြစ်သည်။



"ဓားပြတွေ ဘာလိုချင်တာလဲ၊ ရွှေ၊ ငွေပစ္စည်းတွေလား"

ဦးဝသည် သူ့အိမ်ထဲက ပြန်ထွက်လာပြီး ဓားပြခေါင်းဆောင်ကို စာရွက်အထပ်လိုက်ကြီး လှမ်းပေးလိုက်၏။

တလောကမှ ကောက်ယူရေးဆွဲထားသော ရွာအိမ်ထောင်စုစာရင်းမှန်း အားလုံးသိကြသည်။

"ရွာရဲ့မြေပုံရော မရှိဘူးလား"

"ရှိ... ရှိပါတယ်... အဲဒီထဲမှာပါ"

ဓားပြခေါင်းဆောင်က စာရွက်များထဲက မြေပုံကို လိုက်ရှာပြီး ကြည့်လိုက်လေ၏။

"မြေပုံကလည်း ဘယ်လို ဆွဲထားတာတုန်း"

ထိုအပြောကြောင့် ရွာသူရွာသားများမှာ ကြောက်လန့်နေသည့်ကြားမှပင် အချင်းချင်း ပြုံးမိကြသည်။

မည်သို့ဆိုသော် ရွာတွင် မြေပုံလေးတစ်ပုံတော့ ရှိသင့်တယ်ဆိုပြီး လူကြီးတွေက မဆွဲတတ်ဆွဲတတ် ရေးထားခြင်းဖြစ်သောကြောင့် ကလေးဆွဲထားသည့် ပန်းချီလိုဖြစ်နေသည်။

ဆွဲပြီးတုန်းက အားလုံးလိုလို ဝိုင်းရယ်ကြသော်လည်း ရွာလေးကသေးသောကြောင့် ထိုမြေပုံကိုပဲ အတည်ထားလိုက်ကြသည်။


မပြည့်စုံသော်လည်း အတန်အသင့် ကောင်းမွန်သည်ဟု ပြောရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မားပြခေါင်းဆောင်သည် လက်ထဲကမြေပုံကို အသေးစိတ် ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးဝအိမ်ဟု ရေးထိုးထားသည့်နေရာကို လက်ညှိုးနဲ့ ထောက်လိုက်ပြီး-

"ဒါ. . . ခင်ဗျားအိမ်ပေါ့"

"ဟုတ်. . . ဟုတ်ပါတယ်"

"မြေပုံထဲမှာ ဘယ်အိမ်က ဘယ်သူတွေဆိုတာလည်း အထိ အကျမပါပါလား"

"မြေ. . . မြေပုံကို ဘယ်သူမှ မဆွဲတတ်လို့ပါ"

စားပြခေါင်းဆောင်က ဦးဝကိုကြည့်ပြီး ဆက်မပြောတော့ပေ

"ကောင်းပြီလေ၊ ဦးဝ. . . ဒီရွာကို ကျုပ်က စားပြလာ တိုက်တာ၊ ကျုပ်နာမည် မှတ်ထားဦး. . . စားပြတကြီး"

"ဟုတ်ကဲ့"

စားပြနာမည်ကြားလိုက်ရသောအခါ အားလုံး လှုပ်လှုပ် ရွရွဖြစ်သွားကြသည်။

မည်သို့ဆိုသော် စားပြတကြီးသည် ရက်စက်တဲ့ စားပြ တစ်ဦးဆိုတာကိုတော့ အားလုံးကြားဖူးကြသည်။

"အခု ကျွန်တော်တို့က ဘာလုပ်ပေးရမှာလဲ"

ဦးဝက အရဲစွန့်ပြီး မေးလိုက်သည်။

မေးလည်းမေးသင့်သည့် စကားဖြစ်သည်။

"ဒီရွာကို ကျုပ်စားပြမတိုက်ခင် လေ့လာခဲ့တယ်၊ ဒီရွာက အခြားရွာတွေနဲ့ ဝေးတယ်၊ သွားရင်လည်း တစ်ရက်ကျော်ကျော်



လောက် သွားရတယ်၊ ပြီးတော့ အေးချမ်းတဲ့ရွာလေး. . . ဟုတ်တယ် မှတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

"ပြီးတော့ ဒီရွာကလူတွေက အတန်အသင့် ပိုက်ဆံရှိကြ တယ်. . . ဒါလည်း မှန်တယ်မှတ်လား"

"မှန်ပါတယ်"

"ဒီတော့ အိမ်တိုင်းမှာရှိတဲ့ အဖိုးတန်ပစ္စည်းတွေကို ချုပ်ယူမယ်၊ တစ်နေ့နဲ့မလောက်ရင် နောက်တစ်နေ့ ဒီမှာဆက်နေ ပြီး ယူမယ်၊ အားလုံးယူပြီးတဲ့အထိ နေမယ်"

အားလုံးမှာ ဒေါသဖြစ်သွားကြသော်လည်း ဘာမှမတတ်နိုင်၊ ငြိမ်ခံနေကြရသည်။

"ပြီးတော့ အဲဒီရက်အတွင်း ကျုပ် ဦးဝအိမ်မှာ နေမယ်၊ ဒီရွာကလူတွေကိုလည်း ရွာအပြင်ထွက်လို့မရအောင် ပြောထား၊ ပြောစကားနားမထောင်ရင် ရွာအပြင်မှာ စောင့်နေတဲ့ ကျုပ်တပည့် တွေက ပစ်သတ်လိမ့်မယ်၊ ခုနတောင် မပြေးနဲ့လို့ အော်ပြောနေတဲ့ ကြားက တစ်ယောက်ပြေးသွားလို့ ကျုပ်ပစ်သတ်ပြီးပြီ. . . ဒီတော့"

ဟု စကားကိုရပ်လိုက်ပြီး အိမ်ထောင်စုစာရင်းပါ စာရွက်ကို ကြည့်လိုက်၏။

"မနက်ဖြန်ကစပြီး ဒီစာရင်းထဲကနေ ကျုပ်ခေါ်တဲ့အိမ် တွေက ကျုပ်ဆီလာပြီး သူတို့အဖိုးတန်ပစ္စည်းတွေ ယူလာရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ကျုပ်ရှာလို့မှ ဝှက်ထားတာတွေ ထပ်တွေ့ရင် အဲ့ဒီအိမ် မလွယ်ဘူးနော်”

“ဟုတ်. . . သေသေချာချာ ပြောပါ့မယ်”

“ပြီးတော့ ကျုပ်တို့ကို ခုခံဖို့တို့၊ ပြန်တိုက်ခိုက်မယ်တို့တော့ မစဉ်းစားနဲ့၊ ကျုပ်တို့မှာ လက်နက်ရှိတယ်၊ ပစ်တတ်တယ်၊ ပစ်ရင်လည်း ထိအောင်ပစ်တတ်တယ်၊ ဒီတော့ ပြန်တော်လှန်မယ်ဆိုတဲ့ သူရဲကောင်းဆန်ဆန် အတွေးတွေ မတွေးစေနဲ့၊ ကျုပ်ကို ပစ္စည်းတွေ ကြည်ကြည်ဖြူဖြူပေးရင် ကျုပ်ကလည်း ဒီရွာကို ဘာမှ မပျက်စီးအောင် တာဝန်ယူတယ်. . . ဘယ်လိုလဲ၊ ပစ္စည်းတွေပဲ ကျုပ်ယူမယ်လို့ ကတိပေးတယ်”

ဓားပြတကြီးသည် ရှည်လျားစွာပြောပြီး ကွပ်ပျစ်ပေါ်တွင် ထိုင်ချလိုက်၏။

■

(၁၇)

“တစ်ခုတော့ ပြောချင်တယ် ဓားပြဗိုလ်ကြီး”

ဒီတစ်ခါတော့ ဦးဝက ခပ်ရဲရဲပြောလိုက်ခြင်းဖြစ်သည်။

“ဘာပြောမလို့လဲ”

“ကျွန်တော်တို့ရွာက တစ်ခါမှ ဓားပြတိုက်မခံရဘူး ဒီတော့ ဓားပြတိုက်တယ်ဆိုတာ ဘယ်လိုမှန်းလည်းမသိဘူး၊ ယခု ကြောက်နေတယ်ဆိုတာကလည်း သေနတ်တွေပါလာလို့ ကြောက်နေတာပါ”

“ဟင်”

ဓားပြဗိုလ်သည် ဦးဝကိုကြောင်ပြီး ကြည့်နေလေ၏။ ပြီးနောက် တဟားဟားရယ်ပြီး-

“တယ်ထူးဆန်းတဲ့ ရွာပါလား၊ ဓားပြတိုက်တာကို အစိပ္ပာယ်ဖွင့်ရမလို ဖြစ်နေပြီ”

“ဟုတ်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ဦးဝကလည်း ခပ်တည်တည်နဲ့ ထပ်ပြော၏။

စားပြဗိုလ်သည် ရယ်နေရာမှ ချက်ချင်းပင် မျက်နှာတည်သွားလေသည်။ ဒီရွာသည် သူတိုက်ခဲ့တဲ့ ရွာတွေနဲ့မတူတဲ့ ရွာတစ်ရွာဆိုတာကို စတင်သတိပြုမိလာခြင်းကြောင့်လည်းဖြစ်သည်။

စားပြဗိုလ်သည် သူ့တပည့်တစ်ယောက်အား လှမ်းခေါ်လိုက်၏။

"ထိပ်တင်ဝင်း ဒီကိုလာစမ်း"

"ဟုတ်ကဲ့. . . ဆရာ"

ထိပ်တင်ဝင်းဆိုသည့် စားပြဗိုလ်တပည့်က သေနတ်ကြီးတကိုင်ကိုင်နှင့် ပြေးလာ၏။

ထိုလူသည် နာမည်နှင့်မလိုက်အောင် ထိပ်တင်ဝင်းမနေဘဲ တစ်ကိုယ်လုံး မည်းနက်ကာ ကြောက်စရာကောင်းလှ၏။

"ဦးဝကို စားပြအကြောင်း ပြလိုက်ပါဦး"

ဟု ဆိုရုံရှိသေးသည် ထိပ်တင်ဝင်းက လျှင်မြန်သွက်လက်စွာပင် ဦးဝအား လက်ဖျံတစ်ချက် ရိုက်လိုက်၏။

"ဖျန်း"

"ဟင်"

"ဟာ"

အားလုံးမှာ မထင်မှတ်ထားသောကြောင့် လန့်ဖျတ်သွားလေ၏။



"အဲဒါ ပစ္စည်းကို လွယ်လွယ်ကူကူမပေးရင် စားပြဆိုတာ အဲဒီလိုရိုက်တယ်၊ ပြီးတော့. . ."

စားပြဗိုလ်က သေနတ်ကို ဆွဲထုတ်လိုက်ပြီး ဦးဝကို ချိန်ထားလိုက်ပြန်၏။

ဦးဝမှာ မျက်လုံးပြူးသွားသော်လည်း ချက်ချင်းပင် ဣန္ဒြေဆည်လိုက်တာကို မောင်ဖေနှင့် မောင်ကိုက မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

"ဦးဝက ဘယ်လိုသဘောနဲ့ လုပ်နေလည်းမသိဘူး၊ စားပြအကြောင်းကို စာတွေဘာတွေထဲမှာလည်း သိနေရက်သားနဲ့ အခုမှ စားပြဆိုတာ ဘာလဲ လက်တွေ့လုပ်ခိုင်းနေတယ်၊ ဘာဖြစ်လို့ပါလိမ့်"

ဆိုပြီး မောင်ကိုက မောင်ဖေကို တိုးတိုးလေး ကပ်ပြော၏။

"အကြောင်းရှိလို့ နေမှာပေါ့"

ဟုသာ မောင်ဖေက ပြန်ဖြေလေသည်။

"ဒါကတော့ ခုနလို လွယ်လွယ်ကူကူမရရင် နောက်ဆုံးအဆင့် ဒီခလုတ်လေး ဆွဲလိုက်ရုံပဲ"

စားပြဗိုလ်က သေနတ်ကို ပြန်သိမ်းသည်။

ဦးဝက နှုတ်ခမ်းတွင် ထွက်နေသောသွေးကို သုတ်လိုက်ရင်း-

"ဒါဆို ကျုပ်တို့က ပစ္စည်းကို အေးအေးဆေးဆေးပေးရင် ဘာအန္တရာယ်မှ မကျဘူးဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မားပြဗိုလ်က ခေါင်းတဆတ်ဆတ်ငြိမ့်သည်။

"အဲ့ဒါကို ကျုပ်တို့က ဘယ်လိုယုံရမှာလဲ"

"ဘာ"

မားပြဗိုလ်မှာ ဦးဝစကားကြောင့် ရုတ်တရက် အံ့လည်း အံ့သြ၊ ဒေါသလည်း ထွက်သွားလေသည်။

"ဒီလိုရှိပါတယ်၊ ရွာမှာက ကတိတစ်လုံးနဲ့ အလုပ်လုပ် ကြတဲ့သူတွေချည်းပဲ ခင်ဗျားကတိတည်ရင် ကျုပ်တို့ရွာကလည်း ကတိတည်ဖို့ ဝန်မလေးဘူး"

"ကောင်းပြီလေ၊ ကျုပ်ဘက်က ကတိတည်ပါတယ်"

မားပြဗိုလ်က လွယ်လွယ်ပဲ ပြောချလိုက်သည်။

"ဒါဆို သစ္စာရေသောက်မလား"

ဦးဝ၏စကားကို ကြားလိုက်ရသောအခါတွင် မောင်ဖေနှင့် မောင်ကိုမှာ စိတ်ပျက်သွားလေသည်။

"ဟုတ်မလိုလိုနဲ့ကွာ ဒုက္ခပါပဲ"

"သူလည်း ရွာအတွက် အာမခံချက် ရမလားလို့ လုပ်နေတာ ဖြစ်မှာပေါ့"

"ဟ. . . မားပြဗိုလ်က ဒီလိုကိစ္စကို အလွယ်တကူ လက်ခံမှာ ပေါ့ကွ"

မောင်ဖေပြောသည့်အတိုင်းပင် မားပြဗိုလ်သည်. . .

"ရတာပေါ့. . . သစ္စာရေ. . . ဟုတ်လား သောက်ပါ့



မယ်ဗျာ. . . သောက်ပါ့မယ်. . . ဟား. . . ဟား"

မားပြဗိုလ်သည် သူ့တပည့်များဘက်ကို ကြည့်ပြီး ရယ်လေ၏။ မောင်ဖေကလည်း မားပြဗိုလ်ရယ်နေတာကို တစ်ချက် ကြည့်ပြီး. . .

"လွယ်လွယ်လက်ခံတော့ လွယ်လွယ်ကတိပျက်မယ့်သူပဲ" ဟု ရေရွတ်လိုက်လေသည်။

"ဘာလုပ်ကြမလဲ"

"နေဦး ငါလည်း စဉ်းစားနေတာ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"ဘကြီးဝ ကျွန်တော်တို့ သစ္စာရေ လုပ်ပေးရမလား"

ထွက်ပေါ်လာသည့်အသံကြောင့် အိမ်ထဲဝင်ပြီး သစ္စာရေယူတော့မည့် သူကြီးဦးဝအပြင် ဓားပြဗိုလ်ပါ သူတို့နှစ်ယောက်ကို လှည့်ကြည့်ကြလေသည်။

သေနတ်ကိုင်ထားသော သူတပည့်များက သူတို့နှစ်ယောက်ကို အတင်းထိုင်ခိုင်းမည်ပြုသောကြောင့် ဓားပြဗိုလ်က လက်ကာပြလိုက်ပြီး. . .

"သစ္စာရေလုပ်တာပဲ ဘာခက်တာမှတ်လို့၊ သောက်ရေယူ သစ္စာဆိုပေါ့ကွ၊ လုပ်ပေးရမလား ဘာလားဆိုတော့ ပလီပလာလုပ်ပြီး ထွက်ပြေးဖို့ ကြံမလို့လား"

"မဟုတ်ပါဘူးဗျာ"

မောင်ဖေက ထိုသို့ပြောပြီး ရပ်ကြည့်နေသော ဦးဝဘက်



လှည့်ကာ. . .

"ဘကြီးဝက ကြောက်ပြီး သေချာမပြောတော့ ဒီက ဓားပြဗိုလ်ကြီးက သစ္စာရေသောက်တာကို လွယ်လွယ်လေးလို့ ထင်ကုန်ပြီ. . . သေချာပြောပြမှပေါ့ ဘကြီးဝရဲ့၊ အဲဒါမှ ကျွန်တော်တို့ရွာရဲ့ သစ္စာရေသောက်နည်းကို သိမှာပေါ့"

ဦးဝကလည်း သူတို့နှစ်ယောက်ရဲ့အထာကို ချက်ချင်းပင် ရိပ်မိလိုက်ပြီး. . .

"အေး. . . ဟုတ်တယ်၊ ငါလည်း ငါ့ရွာကလူတွေကိုလည်း ဒီလိုပဲ ပြောနေကျဆိုတော့ ရှင်းပြဖို့ မေ့သွားတယ်၊ မင်းပဲ ဆက်ရှင်းပြလိုက်ပါ"

ဓားပြဗိုလ်သည် မောင်ဖေကိုတစ်လှည့်၊ ဦးဝကို တစ်လှည့် မျက်စိမျက်မှောင်ကြီးကြုတ်ကာ ကြည့်နေလေ၏။

"ဘာလဲဗျ၊ ကျုပ်က ရိုးရိုးသစ္စာရေ သောက်သလို သောက်ရမှာ မဟုတ်ဘူးလား"

ဓားပြဗိုလ်မှာ ဒေါသ နည်းနည်းထွက်လာပုံရသည်။ ဒါကို ရိပ်မိသော မောင်ဖေကလည်း အလျင်အမြန်ပါပဲ-

"ဟုတ်ပါတယ်၊ ရိုးရိုးသစ္စာရေ သောက်သလိုပဲ သောက်ရမှာပါ၊ ဒါပေမယ့် သစ္စာရေကို ကျိုချက်ပြီးမှ သောက်ရမှာပါ"

"ရှုပ်လိုက်တာကွာ"

"ကျိုတဲ့နေရာမှာလည်း ရိုးရိုးကျိုသလို အိုးပွေ့ဘာတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျိုရတာမဟုတ်ဘဲ သစ္စာတည်ဖို့အတွက် သစ္စာဆိုထားတဲ့ စက္ကူနဲ့ လုပ်ထားတဲ့ခွက်နဲ့ ကျိုရမှာ"

"ဟင်"

ဓားပြဗိုလ်သည် စက္ကူနဲ့လုပ်ထားတဲ့ခွက်နဲ့ ကျိုမှာ ဆိုသောကြောင့် စိတ်ဝင်စားသွားလေသည်။

"စက္ကူနဲ့လုပ်ထားတဲ့ခွက်နဲ့ ကျိုချက်မှာဆိုတော့ မီးလောင်သွားမှာပေါ့ကွ"

"ရိုးရိုးသစ္စာမဆိုဘဲနဲ့ ကျိုရင်တော့ အဲဒီစက္ကူက လောင်မှာပေါ့။ ဒါက သစ္စာဆိုထားတဲ့အတွက် စက္ကူက အစွမ်းထက်ပြီး မီးမလောင်တော့ဘူး။ ကျွန်တော်တို့ ဘိုးဘေးဘီဘင်တွေ လက်ထက်ကတည်းက လုပ်ခဲ့တာပါ။ သစ္စာပျက်ခဲ့ရင်လည်း စက္ကူထဲကရေတွေ ဆူသလို ခန္ဓာကိုယ်ကလည်း ပွက်ပွက်ဆူပူလောင်ရော၊ အဖြစ်အပျက် အထောက်အထားတွေရှိတယ်၊ ကြည့်ချင်ရင် စာကြည့်တိုက်မှာ ရှိပါတယ်"

"ထားပါတော့. . . ငါက စက္ကူဆိုတာကို မီးလောင်မှာ မြင်သေး၊ စက္ကူက စက္ကူပါပဲ၊ သစ္စာရေတွေ၊ ဘာတွေအတွက်လုပ်တဲ့ စက္ကူတဲ့. . . ဟား. . . ဟား. . . ဟော့ကောင်တွေ ကြားဖူးလား"

သူတပည့်များကလည်း ရယ်မောနေသော်လည်း စိတ်ထဲမှာတော့ မတင်မကျဖြစ်နေကြမှန်း မျက်နှာတွင် ပေါ်လွင်နေလေသည်။



ရွာသူရွာသားများနှင့် သူကြီးဦးဝကတော့ မောင်ဖေနှင့် မောင်ကို ပြောသည့်ကိစ္စကို စိုးရိမ်စိတ် ဝင်နေကြ၏။

"ဒီတော့ မင်းတို့နှစ်ယောက်က ဦးဝကို သွား ကူညီလိုက်၊ ဓိုတီးယားတားလုပ်မယ်တော့ မကြံနဲ့နော်. . . သွား. . . လိမ်လို့ နိုးလို့မရအောင် ငါတို့ရှေ့မှာပဲ သစ္စာရေကို ကျိုရမယ်"

"ရပါတယ်"

သူတို့နှစ်ယောက်နှင့် ဦးဝတို့သည် အိမ်ထဲသို့ ဝင်သွားသောအခါ ဓားပြဗိုလ်သည် သူတပည့်အချို့ကို ရွာထဲရှိ အိမ်တိုင်းမှ လူများကို ဦးဝခြံထဲသို့ ခေါ်လာခိုင်းလိုက်၏။

ရွာထဲတွင် ဓားပြတိုက်သည်ဟုကြားထားပြီး ပုန်းနေသော သူများပင် လိုက်ပါလာရလေသည်။

ထိုသို့ဖြင့် ဦးဝခြံထဲတွင် တစ်ရွာလုံး စုမိသွားကြတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

“ဟဲ့. . . ငါတို့လည်း သောက်ရမှာလား”

“သောက်ရမှာပေါ့၊ မောင်ဖေနဲ့ မောင်ကို ပြောသွားတာပဲ”

“တကယ်သောက်ပြီး သစ္စာမတည်ခဲ့ရင် သစ္စာဆုံးမှာလား”

“မသိဘူး၊ သူတို့ပြောတဲ့ပုံက တကယ်ဖြစ်မယ့်ပုံပဲ၊ ရှေးဟောင်းသစ္စာဆိုနည်းတွေများလား မသိဘူး”

အားလုံးစုမိကြပြီး တစ်ယောက်နဲ့တစ်ယောက် မားပြမျှား မကြားအောင် တီးတိုးပြောနေကြခြင်းဖြစ်သည်။

“စက္ကူကြီးမီးလောင်သွားရင် ဘယ်လိုလုပ်မလဲ၊ အားလုံး အသတ်ခံရမယ်ထင်တယ်”

“အာ. . . မသိဘူး”

“ငါတို့ရှိတဲ့ပစ္စည်းတွေ တကယ်ပေးရမှာပေါ့. . . ဟုတ်လား”

“လူပဲ အဓိကပါဟာ၊ သူတို့ ကတိသစ္စာတည်ရင် ငါတို့လည်း



တည်ဖို့ ဝန်မလေးပါဘူး၊ သေနတ်ကိုင်ထားတဲ့လူတွေပဲ ကတိသစ္စာ အရင်တည်ပါစေဦး”

ဘယ်လိုပဲဖြစ်ဖြစ် မောင်ဖေနဲ့ မောင်ကို ရုတ်တရက် လုပ်လိုက်သောကိစ္စသည် ရွာသူရွာသားများအပါအဝင် မားပြဗိုလ် နှင့် သူ၏အဖွဲ့ဝင်များပင် စိတ်ဝင်စားနေကြောင်း သိသာနေလေ၏။

“ထိပ်တင်ဝင်း. . . သူတို့ပြောတာ ဖြစ်နိုင်ပါ့မလားကွ”

မားပြဗိုလ်က သူ့ဘေးရှိတပည့်ကို မေးလိုက်ခြင်းဖြစ်သည်။

“အဲဒါတော့ မသိဘူး ဆရာကြီး၊ ဒီရွာကလူတွေက နည်းနည်းတော့ ဆန်းတာတော့ အမှန်ပဲ”

“အေးလေ. . . ဘာပဲဖြစ်ဖြစ် ရွာသူရွာသားတွေသာ ကတိတည်ရင်၊ အေးအေးဆေးဆေးပေးရင် ငါတို့လည်း ကတိတည် ရမှာပေါ့”

ဘယ်တော့မှ ကတိစကားမပြောဘူးသော သူ့ဆရာက ကတိစကားတွေဘာတွေ ပြောနေသောကြောင့် ထိပ်တင်ဝင်းပင် သူ့ဆရာကို တအံ့တသြကြည့်မိသည်။ ဒီရွာမလွယ်ဘူးဟုလည်း စိတ်ထဲက အလိုလိုတွေးနေမိ၏။

ထိုအချိန်တွင် ဦးဝ၊ မောင်ဖေနှင့် မောင်ကိုတို့သည် ပစ္စည်း ပစ္စယာအပြည့်အစုံဖြင့် အိမ်ထဲမှ ထွက်လာလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com


(၂၀)

မောင်ဖေနှင့် မောင်ကိုတို့သည် သူတို့ယူလာသော ပစ္စည်းများကို ခြံထဲရှိ သူကြီး၏ခုံပေါ်တွင် တင်လိုက်ကြ၏။

ရွာသူရွာသားများကလည်း သူတို့နှစ်ယောက် ယူလာသော ပစ္စည်းများကို အထူးအဆန်းအနေဖြင့် ဝိုင်းကြည့်နေကြသော်လည်း သူတို့ရွာ၏ လုပ်လေ့လုပ်ထရှိသည့် နည်းစနစ်တစ်ခုဟု မောင်ဖေနှင့် မောင်ကိုတို့က စားပွဲများကို ပြောပြထားသောကြောင့် မအံ့သြသလို ဟန်ဆောင်နေကြရသည်။

မောင်ဖေနှင့် မောင်ကို ယူလာသောပစ္စည်းများမှာ သူတို့တွေ့ဖူးနေကြပစ္စည်းများသာဖြစ်၏။

ထိုပစ္စည်းများကို တပ်ဆင်လိုက်ရာ တစ်ဖက်ပါအတိုင်း တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မီးအိမ်ပဲကွ"

ဓားပြတစ်ယောက်က အနီးရှိ ဓားပြတစ်ယောက်ကို လှမ်းပြောသံဖြစ်သည်။ ဓားပြဗိုလ်ကလည်း မောင်ဖေ၊ မောင်ကိုနှင့် သူကြီးတို့လုပ်သမျှကို အလွတ်မပေးဘဲ ထိုင်ကြည့်နေ၏။

"ဒါက သစ္စာရေကို ကျိုဖို့မီးအိမ်ပါ"

မောင်ဖေက ပြောပြောဆိုဆို စက္ကူတစ်ရွက် ယူလိုက်သည်။ ထို့နောက် မီးအိမ်ပြောင်းပေါ်ကို စက္ကူကန်တော့ခွက်ပုံစံလုပ်ကာ တင်ထားလိုက်၏။ စက္ကူမှာ ခဏကြာသောအခါတွင် မီးလောင်ပြာကျသွားတာကို တွေ့လိုက်ရသည်။

"ဒါက သစ္စာမပြုခင်ဆိုတော့ သာမန်စက္ကူက မီးလောင်သွားတာပေါ့"

ဟုဆိုပြီး ဓားပြဗိုလ်ဘက်လှည့်ကာ ပြောလေ၏။

ဓားပြဗိုလ်ကလည်း ဘာမှပြန်မပြောဘဲ မျက်မှောင်ကြုတ်ကာ ကြည့်နေလေ၏။

မောင်ဖေသည် နောက်ထပ်စက္ကူတစ်ခုကိုယူကာ ကန်တော့ပုံလုပ်လိုက်၏။ ထို့နောက် ထိုစက္ကူကို ဝါယာကြိုးလိုလို ဘာလိုလိုဖြင့် ပတ်လိုက်ပြီးနောက် ထိုမှန်ပြောင်းဝပေါ်တွင် စက္ကူကန်တော့ကို တင်လိုက်သည်။

"ဒါကတော့ စက္ကူထဲ သစ္စာရေထည့်ပြီး ကျိုရမှာဆိုတော့ ရေအရင်ထည့်ပြီး သစ္စာဆိုပါမယ်"



ပြောပြောဆိုဆို စက္ကူကန်တော့ထဲသို့ ရေအချို့ကို ထည့်လိုက်ပြန်သည်။

အားလုံးမှာ ခဏကြာသည်အထိ စက္ကူကန်တော့ကို စိုက်ကြည့်နေကြလေ၏။

"ယခု ရောက်ရှိနေသော ဓားပြများနှင့် ရွာသူရွာသားများ ကိုယ်စား လူကြီးတစ်ဦးဖြစ်တဲ့ ဘကြီးဝက တိုင်ပေးမှာ ဖြစ်ပါတယ်၊ ကဲ... ရွာသူရွာသားတွေ အရင်ဆိုမယ်"

မောင်ဖေသည် လုပ်လေ့လုပ်ထရှိသလိုပုံစံဖမ်းပြီး ရွာသားများကို တစ်ချက်ကြည့်လိုက်၏။ ရွာသူရွာသားများကလည်း အလိုက်တသိပင် လိုက်ဆိုရန် ပြင်ဆင်လိုက်ကြသည်။

ထို့နောက် သူကြီးသည် ကန်တော့ပုံစံစက္ကူကို လက်ဖြင့် တိုင်ကာ လေထဲတွင် မြှောက်ထားပြီး မျက်လုံးကို ဖြည်းဖြည်းလေး မှိတ်လိုက်သည်။

"ကျွန်တော်၊ ကျွန်မတို့သည်. . ."

"ကျွန်တော်၊ ကျွန်မတို့သည်. . ."

"ယခုရောက်ရှိလာသော. . ."

"ယခုရောက်ရှိလာသော. . ."

"သေနတ်ကိုင်လာသည့် လူများကို. . ."

"သေနတ်ကိုင်လာသည့် လူများကို. . ."

"မိမိတို့ချွေးနဲ့စာဖြင့် ရှာထားသော ပစ္စည်းများအား. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိတ်ဆွေနဲ့တဖြင့် ရှာထားသော ပစ္စည်းများအား. . ."

"တစ်ခုမကျန်. . ."

"တစ်ခုမကျန်. . ."

"ကြည်ကြည်ဖြူဖြူ. . ."

"ကြည်ကြည်ဖြူဖြူ. . ."

"ပေးအပ်ပါမည်. . ."

"ပေးအပ်ပါမည်. . ."

"ဖောက်ဖျက်ခဲ့ပါက. . ."

"ဖောက်ဖျက်ခဲ့ပါက. . ."

"သစ္စာရေဆူပွက်သလို. . ."

"သစ္စာရေဆူပွက်သလို . . ."

"ခံရပါစေ. . ."

"ခံရပါစေ. . ."

သူကြီးသည် စက္ကူကန်တော့ကို ပြန်ချလိုက်ပြီး ဓားပြဗိုလ်ဘက် လှည့်လိုက်၏။

"ကဲ. . . ဒီတစ်ခါ ခင်ဗျားတို့အလှည့်"

ဓားပြဗိုလ်သည် တွန့်ခနဲတစ်ချက် ဖြစ်သွားသော်လည်း ပြောထားသည့် စကားအတိုင်း လိုက်ဆိုရန်အတွက် သူ့တပည့်များကို အချက်ပြလိုက်သည်။

သူကြီးသည် ဓားပြများကို တစ်ချက်ကြည့်ပြီးနောက်



စက္ကူကန်တော့ကို ခုနကအတိုင်း မြှောက်လိုက်ပြန်၏။

"ကျွန်တော်တို့သည်. . ."

"ကျွန်တော်တို့သည်. . ."

"ရွာသားများမှ. . ."

"ရွာသားများမှ. . ."

"ပစ္စည်းများ ကြည်ကြည်ဖြူဖြူပေးပါက. . . ."

"ပစ္စည်းများ ကြည်ကြည်ဖြူဖြူပေးပါက. . . ."

"ရွာနှင့် ရွာသူရွာသားများအပေါ်တွင်. . ."

"ရွာနှင့် ရွာသူရွာသားများအပေါ်တွင်. . ."

"မည်သည့်ဒုက္ခမှ မပေးပါ"

"မည်သည့်ဒုက္ခမှ မပေးပါ"

"ဒုက္ခပေးခဲ့ပါက. . ."

"ဒုက္ခပေးခဲ့ပါက. . ."

"သစ္စာရေ ဆူပွက်သလို. . ."

"သစ္စာရေ ဆူပွက်သလို. . ."

"ခံရပါစေ. . ."

"ခံရပါစေ. . ."

ထိုစဉ် ဓားပြဗိုလ်က တစ်ခုတောင်းဆိုသောကြောင့် သစ္စာပြုချက်တစ်ချက် ထည့်သွင်းတိုင်ပေးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com




ဤသည်မှာ-

“ကြည်ကြည်ဖြူဖြူ မပေးပါက မိမိတို့မှ ပစ်သတ်ခွင့်ရှိသည်”

ဆိုသည့်အချက်ပင်ဖြစ်သည်။ ဦးဝကလည်း သူတို့တောင်းဆိုသည့်အတိုင်း တိုင်ပေးရလေ၏။

ထိုသို့ဆိုပြီးနောက် သူကြီးသည် စက္ကူကန်တော့အား မောင်ဖေလက်ထဲသို့ ကမ်းပေးလိုက်၏။

မောင်ဖေက စက္ကူကန်တော့ကို မီးအိမ်ပြောင်းပေါ်တင်ပြီး တစ်ဖက်ပါအတိုင်း စတင်ကျိုချက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . အခု သစ္စာရေကို ကျိုပါပြီ"

အားလုံးသည် မောင်ဖေ့စကားကို မကြားတော့ဘဲ မီးပေါ်ရှိ စက္ကူကိုသာ ဝိုင်းကြည့်နေကြတော့၏။

ခဏကြာသည်အထိ စက္ကူမှာ သူတို့ထင်ထားသလို မီးလောင်ကျွမ်းသွားမှုမရှိဘဲ စက္ကူထဲကရေများ ပွက်ပွက်ဆူလာသောကြောင့် ထိတ်လန့်လာကြလေသည်။

"ဟဲ့. . . စက္ကူက မီးမလောင်ဘဲ ရေတွေက တကယ် ဆူလာပြီ"

"အေး. . . ဟဲ့"

ဓားပြများမကြားအောင် အချင်းချင်း တိုးတိတ်အံ့သြနေကြလေသည်။

ဓားပြများသည်လည်း သူတို့စကားများကို မကြားဘဲ စက္ကူထဲကရေများ ဆူပွက်နေတာကိုပဲ တအံ့တသြကြည့်နေကြ၏။

ထို့နောက် သစ္စာရေဆိုတဲ့အရာကို နည်းနည်းလည်း လန့်လာကြသည်။

"ကဲ. . . သစ္စာရေဆူပြီဆိုတော့ မီးပိတ်လိုက်တော့မယ်၊ ရေကနည်းတော့ တစ်ယောက်နည်းနည်းစီပဲ သောက်လို့ရမယ်"

ဟုဆိုပြီး မောင်ကိုက မီးကို ပိတ်ပြီး စက္ကူကန်တော့ကိုချကာ ရွာသူရွာသားများကို အရင်တိုက်၏။

ပြီးနောက် ဓားပြဗိုလ်နှင့် ဓားပြများကို တိုက်၏။ ဓားပြများ



သည် အရင်တုန်းကလို မဟုတ်တော့ဘဲ ကြောက်ကြောက်ရွံ့ရွံ့နှင့် သောက်ကြလေ၏။

ခဏအကြာတွင် သစ္စာရေတိုက်ခြင်းကိစ္စ ပြီးစီးသွားသောကြောင့်. . .

"ကဲ. . . သစ္စာရေသောက်ပြီးသွားပြီဆိုတော့ သစ္စာပြုထားတဲ့အတိုင်း ပစ္စည်းတွေ ဘယ်တော့ပေးရမလဲ"

ဟု ဦးဝက ဓားပြဗိုလ်ကြီးကို မေးလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြင့် သူတို့ရွာကလေး သည် ဓားပြများ၏ ဝင်ရောက်စီးနင်းခြင်း ခံရလေ၏။ အေးအေးချမ်းချမ်းနေလာခဲ့သော သူတို့ရွာကလေး သည် ထိုသို့သော အခြေအနေမျိုး ကြုံဖူးလေ့မရှိသောကြောင့် ပြင်ဆင်ထားခြင်းလည်း မရှိချေ။

ပိုဆိုးသည်က သူတို့ရွာသည် အခြားဘေးပတ်ဝန်းကျင် ရွာများနှင့် အတော်ကလေးလှမ်းပြီး တစ်ရွာနှင့်တစ်ရွာကို တစ်ရက် ကျော်ကျော်ခန့်သွားမှ ရောက်သောကြောင့် သူတို့ရွာမှာ ဖြစ်ပျက် နေတာကို အခြားရွာများက သိရှိနိုင်ခြင်းမရှိသလို အကူအညီ ရောက်လာဖို့လည်း လမ်းမမြင်ချေ။

ပြီးနောက် ဓားပြခေါင်းဆောင်သည် ရွာ၏အဝင်အဝ များတွင် သူ့လူများနှင့် ပိတ်ဆို့လိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ရွာထဲကလူများသည် ရွာအပြင်သို့ ဘယ်လိုမှ ထွက်မရတော့ဘဲ ရွာထဲမှာပင် ပိတ်မိနေတော့သည်။

(၂၁)

နောက်တစ်နေ့တွင် ဓားပြဗိုလ်သည် သူကြီးဦးဝအိမ်၌ ထိုင်၍ စာရင်းတွင်ပါသော အိမ်များကို အိမ်ထောင်စုတစ်ခုစီ လာရောက်ပေးစေ၏။

စာရင်းစပါသော ရွာသူရွာသားများကလည်း ကတိအတိုင်း လာပေး၏။ ဓားပြဗိုလ်က လာပေးသောသူများ၏ ပစ္စည်းများကို စာရင်းလုပ်ရာတွင် သင်္ချာဝါသနာပါသော ဦးဆင်မင်းကို စာရင်းဇယား ပြုစုစေ၏။

"ဦးဖေ၊ ဦးစိန်တင်၊ ဦးဝေအားတို့ အိမ်သုံးအိမ် လာပေးမယ်"

သူကြီး၊ ဓားပြဗိုလ်၏ တပည့်သုံးယောက်နှင့်အတူ စာရင်း အခေါ်ခံရသော သူများက သူတို့အိမ်ကိုပြန်ကာ ပစ္စည်းများယူပြီး ဓားပြဗိုလ်ဆီသို့ ပြန်လာဆက်သကြ၏။

"တန်ဖိုးရှိတာတွေပဲ ပေးပါ. . . အိုး၊ ခွက်တွေ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ယူမလာနဲ့."

ဓားပြဗိုလ်က သူ့တပည့်သုံးယောက်ကို လှမ်းသတိပေး သည်။

ရွာသူရွာသားများက မိမိတို့စုဆောင်းထားတဲ့ ပစ္စည်းများ ကို မပေးချင်ကြသော်လည်း အသက်အန္တရာယ်ရှိသောကြောင့် လည်းကောင်း၊ သစ္စာပြုထားခြင်းကြောင့်လည်းကောင်း ကြည်ကြည် ဖြူဖြူ ထုတ်ပေးကြ၏။

ဓားပြဗိုလ်က စာရင်းအတိအကျလုပ်ကာ လက်ခံ၏။ ပစ္စည်းအကုန်သိမ်းပြီး နောက်ဆုံးတွင် တစ်အိမ်တက်ဆင်းကာ ပစ္စည်းကျန်၊ မကျန် စစ်ဆေးရင်း တိုက်ကြည့်ရန်အတွက်ဖြစ်သည်။

"ခင်ဗျားအိမ်က ဒါပဲလား"

ဓားပြဗိုလ်က လက်ထဲတွင် ရောက်လာသော ရွှေအနည်း ငယ်နှင့် ပိုက်ဆံအနည်းငယ်ကိုကြည့်ပြီး ပြောလိုက်လေ၏။

"ဟုတ်ပါတယ် အဖိုးတန်တာဆိုလို့ ဒါတွေပဲရှိတယ်၊ ဦးက ဒီရွာမှာ ဆင်းရဲပါတယ်"

ဓားပြဗိုလ်က ပစ္စည်းလာပေးသောသူကို တစ်ချက် ကြည့်လိုက်သည်။ ပုံစံကတော့ သာမန်ပါပဲ။ ဒါကြောင့် ဦးဆင်မင်း ဘက် တိုးပေးလိုက်ပြီး. . .

"ရော့. . . ဒါလည်း စာရင်းမှတ်ထား"

ဦးဆင်မင်းက 'ဟုတ်ကဲ့'ဟုဆိုကာ စာရင်းမှတ်ရပြန်၏။



ထိုသို့ ဓားပြဗိုလ်သည် စာရင်းဇယားနဲ့ အလုပ်ရှုပ်နေစဉ် တွင် မောင်ဖေနှင့် မောင်ကိုက ဦးလေကောတို့သားအဖနားကို ကပ်ပြီး လေပန်းနေလေ၏။

"မင်းတို့တွေ သစ္စာရေကို ပေါက်ကရ လုပ်ထားတာလား"

ဦးလေကောက တိုးတိုးလေးမေးသည်။

"စက္ကူမှာ ဝါယာကြိုးပုံစံနှစ်ခု ပတ်ထားလိုက်တာပါ၊ ဘာမှ မလုပ်ထားပါဘူး၊ ဒီလိုမှ မလုပ်ရင် ရွာသူရွာသားတွေ တစ်ယောက် တစ်ပေါက်နဲ့ အသက်ဆုံးရှုံးကုန်မှာ၊ ပြီးတော့ ဓားပြဗိုလ်ဆိုတဲ့ လူကလည်း ယုံရတာမဟုတ်ဘူး"

မောင်ဖေသည် ထိုသို့ပြောပြီး 'ချိုအီ'ဘက်လှည့်ကာ. . .

"ချိုအီ"

ဟု တိုးတိုးလေး ခေါ်လိုက်၏။

ချိုအီက လှည့်ကြည့်ပေမယ့်လည်း ဦးလေကောက. . .

"ဟေ့ကောင် ဘာလုပ်မလို့လဲ"

"ဘာမှမဟုတ်ပါဘူး ဦးရဲ့. . . သူက သဘက်နဲ့ ခေါင်းကို ချုံထားတော့ ကြောက်နေလား မေးမလို့ပါ"

"ဟ ဒီလောက် သေနတ်ကြီးတွေ တရမ်းရမ်းနဲ့ မကြောက်ဘဲ နေမလား၊ ပြီးတော့ ပစ္စည်းတွေလည်း ဆုံးဦးမယ်၊ နေပါဦး ငါတို့ကိုသာ မေးနေတယ် မင်းတို့ကရော မကြောက်ဘူးလား၊ ပစ္စည်းဆုံးရှုံးရမှာ ရော ဝမ်းမနည်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ မောင်ကိုက တိုးတိုးလေး ဝင်ဖြေသည်။

"ဝမ်းမနည်းပါဘူး ဦးရယ်၊ ပစ္စည်းတွေက အဖေနဲ့ အမေရဲ့ ပစ္စည်းတွေလေ၊ ဟဲ. . . ဟဲ မထိုက်လို့ တစ်သက်လုံး မသုံးရတာ လို့ဘဲ သတ်မှတ်ရမှာပေါ့"

"ဟုတ်တယ်"

မောင်ဖေကလည်း ဝင်ထောက်ခံသည်။

ချိုအီးနှင့် ဦးလေကောမှာသာ သူတို့နှစ်ယောက်ကိုကြည့်ပြီး ဘာပြောရမှန်းမသိ ဖြစ်သွားကြသည်။

ထိုစဉ် ဓားပြဗိုလ်က. . .

"မနေ့က သစ္စာရေလုပ်တဲ့နှစ်ကောင် ဘယ်မှာလဲ"

ဆိုသည့်အသံကြောင့် သူတို့နှစ်ယောက်မှာ ကမန်းကတန်း မတ်တပ်ရပ်ပြီး. . .

"ဒီမှာဗျ"

"ဒီမှာ"

ဟု ပြောလိုက်ရ၏။

"လာဦး. . . ဒီမှာ ပစ္စည်းတွေကို လာထုပ်ပေး"

ဦးဆင်မင်းနှင့်အတူ သူတို့နှစ်ယောက်မှာ ပစ္စည်းများကို ဝိုင်းထုပ်ပေးရ၏။

"ကဲ. . . ဒီနေ့တော့ ဒီလောက်ပါပဲ၊ နောက်နေ့တွေကျမှ ဆက်ပြီးယူမယ်၊ အားလုံး ပြန်လို့ရပါပြီ၊ မနက်ဖြန်ကျရင်တော့ ဒီကို



လာစရာမလိုပါဘူး၊ ရွာထဲမှာ လွတ်လွတ်လပ်လပ် သွားနေ လုပ်စရာရှိတာ လုပ်နေလို့ ရတယ်၊ စာရင်းပါတဲ့လူတွေကိုတော့ အိမ်တိုင်ယာရောက် ပြောပါမယ်၊ ထွက်ပြေးတာတို့၊ ကြံစည်တာတို့တော့ မလုပ်မိစေဖို့ သစ္စာရေ သောက်ထားကြတယ်နော်၊ ကျုပ်လည်း သစ္စာတည်ဖို့ တာဝန်ယူပါတယ်"

ဓားပြဗိုလ်က ထိုသို့ပြောပြီးနောက် ထုပ်ပြီးသားပစ္စည်းထုပ်များယူကာ သူကြီးအိမ်ပေါ်သို့ တက်သွား၏။

ရွာသူရွာသားများကလည်း တစ်ယောက်တစ်ခွန်းပြောရင်း ကိုယ့်အိမ်အသီးသီးသို့ ပြန်သွားကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

ညနေခင်းရောက်သောအခါ ဓားပြဗိုလ်သည် သူ၏ တပည့်သုံးယောက်ကိုခေါ်ကာ ရွာထဲသို့ လျှောက်ကြည့်လေ၏။

ဓားပြတိုက်ကတည်းက သူကြီးဦးဝနေအိမ်မှာ နေခဲ့သော ကြောင့် အခုမှပဲ ရွာထဲသို့ လျှောက်ကြည့်ရခြင်းဖြစ်သည်။

ရွာသူရွာသားများကတော့ သူမြင်တာနဲ့ ကြောက်လန့်တကြား ရှောင်ဖယ်သွားကြ၏။

"ဆရာ. . . ပစ္စည်းတွေ တော်တော်ရနေပြီလား"

သူ့တပည့်က သူ့ကိုမေးခြင်းဖြစ်သည်။

"30% နှုန်းလောက်တော့ ရပြီ"

"မြန်မြန်ယူပြီး မြန်မြန်သွားတာ ကောင်းမယ်ထင်တယ်နော် ဆရာ. . . ဒီရွာက တခြားရွာတွေနဲ့ မတူဘူး"

"ငါသိပါတယ်၊ အခြားရွာတွေထက် ဒီရွာက ပစ္စည်းယူရတာ



လွယ်တယ်ကွ၊ ဘယ်ရွာတွေကများ ဒီရွာလိုမျိုး သူတို့ပစ္စည်းတွေ ကြည်ကြည်ဖြူဖြူပေးဖူးလို့လဲ၊ ကလန်ကဆန်လုပ်တာနဲ့ ငါတို့ သတ်ပစ်ခဲ့ရတာပဲ မဟုတ်လား"

"ဟုတ်တာတော့ ဟုတ်တယ်"

"ပြီးတော့ အခြားရွာတွေတုန်းကဆို ပစ္စည်းကို တွေ့သမျှယူ၊ ချက်ချင်းပြန်ထွက် မဟုတ်ဘူးလား၊ ဒီမှာက အေးအေးဆေးဆေး ယူတော့ အချိန်ကြာမှာပေါ့"

သူ့တပည့်များက သူ့ဆရာစကားကို ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံ၏။

ခပ်လှမ်းလှမ်းတွင် ကင်းစောင့်နေသော ဓားပြတစ်ယောက်က သူတို့လာတာ တွေ့သောကြောင့် အလေးပြုလေသည်။

ဓားပြဗိုလ်ကလည်း ခေါင်းပြန်ညိတ်ပြသည်။

"မနက်ဖြန်လောက်ကျရင် ငါးဆယ်ရာခိုင်နှုန်းလောက် ပြီးအောင်ယူပြီး နောက်တစ်နေ့ အကုန်ယူမယ်၊ ပြီးရင်တော့ ငါတို့ သွားကြတာပေါ့. . . ဟုတ်ဘူးလား"

"ကောင်းတယ် ဆရာ"

သူ့တပည့်များသည် သူ ဘာပြောပြော လက်ခံမည့်သူများ ဖြစ်သောကြောင့် အေးဆေးပဲဖြစ်သည်။

ထိုသို့ဖြင့် ဓားပြဗိုလ်သည် ရွာထဲသို့ ဆက်လျှောက်လာခဲ့ရာ ခဏကြာသောအခါတွင် ရွာရဲ့ထူးခြားမှုတစ်ခုကို သတိထားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာရေးထားတာလဲကွ"

ရှာလမ်းမတွင် စိုက်ထူထားသော ဆိုင်းဘုတ်ကိုကြည့်ပြီး ရေရွတ်လိုက်ခြင်းဖြစ်သည်။

"မောင်ဖေကို မဲပေးကြပါ. . . ဘာလဲဟ၊ ဟင်. . . ဟိုမှာလည်း တစ်ခုပါလား"

ခပ်လှမ်းလှမ်းတွင်လည်း ဆိုင်းဘုတ်တစ်ခု တွေ့သောကြောင့် ခပ်မြန်မြန်လျှောက်သွားပြီး ကြည့်မိပြန်သည်။

"မောင်ကိုအား မဲထည့်ခြင်းဖြင့် အမျိုးဂုဏ် မြှင့်တင်ကြပါစို့"

ဓားပြဗိုလ်သည် တော်တော်လေး စိတ်ဝင်စားသွား၏။

ဤသို့ဖြင့် လိုက်ကြည့်သောအခါတွင် တစ်ရွာလုံးလိုလိုပင် စာသားများသာကွဲပြီး ပုံသဏ္ဌာန်တူ ဆိုင်းဘုတ်များကို တွေ့ပြန်သည်။

"ဘာဆိုင်းဘုတ်တွေလည်း မသိဘူး"

ဓားပြဗိုလ်သည် ချက်ချင်းဆိုသလိုပင် ဖြတ်သွားဖြတ်လာ ရွာသားတစ်ယောက်ကို လှမ်းခေါ်လိုက်၏။

ပထမတော့ ထိုရွာသားမှာ ကြောက်လန့်နေပြီး တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေလေ၏။

ဘာမှမလုပ်ဘူး၊ လာပါဟုဆိုမှပင် သူတို့ရှေ့သို့ ရောက်လာလေ၏။

"ဒါ. . . ဘာတွေလဲ"

"ဟင်. . . ဘာကို"



ရုတ်တရက်ဆိုတော့ ရွာသားက သူ့စကားကို နားမလည်ဘဲ ကြောင်တောင်တောင်နဲ့ ပြန်မေး၏။

"ဒီဆိုင်းဘုတ်တွေက ဘာဆိုင်းဘုတ်တွေလဲလို့ မေးတာ"

"သြော်. . . ဒါက မောင်ဖေနဲ့ မောင်ကို မဲဆွယ်ထားတဲ့ မဲဆွယ်ဆိုင်းဘုတ်တွေလေ"

"မဲဆွယ်ဆိုင်းဘုတ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာအတွက်လဲ"

ပထမတော့ ရွာသားက မပြောဘဲနေနေသေးသည်၊ နည်းနည်းပါးပါး မာန်မဲလိုက်မှပင် အကြောင်းစုံ ပြောပြလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

လူငါးယောက်၏ ခြေလှမ်းများက သာမန်ထက် မြန်နေကြသည်။ ရှေ့ကလှမ်းနေသောသူ၏ ခြေလှမ်းများကတော့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေမှန်း တွေ့ရလေ၏။

လမ်းမှာတွေ့သော သူများကလည်း ထိုငါးယောက်ကို တွေ့သောအခါ. . .

"ဘယ်သွားမလို့လဲ"

ဆိုပြီး ရှေ့ကလူကို လှမ်းမေး၏။

"ဟိုဘက်နား"

ဟုသာ ရှေ့ကလူက မျက်စိပျက်၊ မျက်နှာပျက်ဖြင့် ပြန်ဖြေ၏။

"မရောက်သေးဘူးလား"

ငါးယောက်ထဲမှ အသံခပ်မာမာနှင့်လူက ရှေ့ကသွားနေတဲ့လူကို မေးလိုက်၏။



"ရောက်ခါနီးပါပြီ"

ခြေလှမ်းများ ပိုသွက်လာသည်ဟု ထင်ရ၏။ ရှေ့ထလူထက် နောက်ကလူများမှာ ပိုမြူးနေလေသည်။

ခဏအကြာတွင် အိမ်တစ်အိမ်ကို ခပ်လှမ်းလှမ်းမှ မြင်တဲ့နေရာ ရောက်သောအခါ ခြေလှမ်းများ ရပ်လိုက်ကြ၏။

"အဲ့ဒါ ချိုအီဆိုတဲ့ ကောင်မလေးပဲ"

ခြံထဲတွင် သန့်ရှင်းရေးလုပ်နေသော ကောင်မလေးကို ညွှန်ပြ၏။

"ဟင်"

နောက်ကပါလာသော လူများထဲက လူတစ်ယောက်၏ မျက်လုံးများသည် ဝင်းခနဲဖြစ်သွား၏။

ထိန်းသိမ်းမရသောအပျော်နှင့် ရင်ခုန်နှုန်းတို့သည် သူ့တစ်ကိုယ်လုံး လွှမ်းခြုံနေပုံရသည်။

"သူ့အဖေနာမည်က ဘယ်သူ"

"ဦးလေကောပါ"

■

www.burmeseclassic.com

www.burmeseclassic.com

(၂၄)

"ဘာ. . . ဓားပြဗိုလ်က ချိုအီတို့အိမ်ထဲ ဝင်သွားတယ် ဟုတ်လား"

"ဟုတ်တယ်. . . ငါတို့မြင်လိုက်ရတာ"

မောင်ဖေသည် ထရမလို၊ ထိုင်ရမလို ဖြစ်နေလေ၏။ ဦးလေကော အိမ်စာရင်းကျ၍ ပစ္စည်းများ ဝင်ယူတာ မဖြစ်နိုင်ချေ။ ပစ္စည်းများက သူသွားယူစရာမလို၊ သူ့ဆီ လာပို့ပေးရခြင်းဖြစ်သည်။

"သူက ဘာဝင်လုပ်တာလဲ"

"ငါတို့လည်း သေချာမသိဘူး၊ ချိုအီနဲ့တော့ ပတ်သက်မယ် ထင်တယ်"

ဘယ်လိုမှ နေလို့မရတော့တဲ့အဆုံး အိမ်ထဲကနေ ဝုန်းခနဲ ထွက်ကာ ချိုအီတို့အိမ်ကို ထွက်လာခဲ့လိုက်၏။

လမ်းမှာ မောင်ကိုနှင့် သူ့အဖွဲ့ကို တွေ့ရသည်။ သူတို့လည်း



သူ့လိုပင် သတင်းကြားသောကြောင့် **ချိုအီအိမ်ကို ထွက်လာခြင်း** ဖြစ်သည်။

စကားတစ်ခွန်းမှ မပြောမိကြဘဲ ငြိမ်နေကြ၏။ လမ်းတွင် တွေ့သော ရွာသူ၊ ရွာသားများကလည်း. . .

"ဦးလေကောတို့အိမ်ကို ဓားပြဗိုလ်အဖွဲ့ ဝင်သွားတယ် ပြောလို့"

ဆိုကာ တစ်စုတစ်ဝေးကြီး ပါလာလေ၏။

ထိုစဉ် မောင်ဖေက. . .

"ငါ သူကြီးဆီ ခဏဝင်လိုက်ဦးမယ်၊ မင်းတို့ သွားနှင့်၊ နောက်ကလိုက်ခဲ့မယ်"

ဟုဆိုပြီး သူကြီးအိမ်ဘက် ချိုးလိုက်၏။

"သူကြီးပါ ခေါ်ခဲ့ဦး"

"အေးပါ"

အားလုံး ထွက်သွားတာကိုကြည့်ရင်း မောင်ဖေသည် သူကြီးအိမ်ရှိရာလမ်းကို လှမ်းဝင်လိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

မောင်ကိုတို့ ရောက်သွားချိန်တွင် ဦးလေကောအိမ်ရှေ့တွင် လူအများ စုဝေးရောက်ရှိနေတာကို တွေ့လိုက်ရ၏။

"မောင်ကို လာပြီ"

အားလုံးက ဝိုင်းဖယ်ပေးကြသောကြောင့် မောင်ကိုမှာ အိမ်ပေါ်သို့ ချောချောရှုရှု ရောက်သွားလေ၏။

ဦးလေကောအိမ်ပေါ်တွင် ဦးလေကော၊ ဓားပြဗိုလ်၊ ရွာလူကြီးအချို့နှင့် ဓားပြတော်တော်များများ ရှိနေတာကို တွေ့ရလေသည်။

ဦးလေကောသည် မောင်ကို ဝင်လာတာကို တွေ့လိုက်ရသောကြောင့် ဝမ်းသာအားရ ဖြစ်သွားပြီး. . .

"မောင်ကို. . . မင်းတို့ကို မျှော်နေတာ၊ မောင်ဖေရော မပါဘူးလား"

ဟု မေးလိုက်လေ၏။



"ပါလာလိမ့်မယ် နောက်မှာ"

မောင်ကို ဆိုသောကြောင့် ဓားပြဗိုလ်က လှည့်ကြည့်လေသည်။

"သြော်. . . သစ္စာရေကျိုတဲ့ ကောင်လေးတွေပဲ"

ဟု ရေရွတ်၏။

ခဏကြာသောအခါတွင် မောင်ဖေနှင့်အတူ သူကြီးလည်း ရောက်လာလေ၏။

သူကြီးက အိမ်သာတက်ချင်သည်ဟုဆိုကာ နောက်ဖေး ခဏဝင်ပြီး ခဏအကြာတွင် အိမ်ရှေ့သို့ ပြန်ရောက်လာလေ၏။

"ဘာတွေဖြစ်နေကြတာလဲ"

သူကြီးက စမေးခြင်းဖြစ်သည်။

"သူကြီး. . . ဒီဓားပြဗိုလ်က ကျုပ်သမီးကို လာတောင်းနေတယ်"

"ဘာ"

"ဟင်"

မောင်ဖေနှင့် မောင်ကို၏ အာမေဋိတ်တွေဖြစ်သည်။ ဒီကိစ္စက သူတို့နဲ့ ဆိုင်လာပြီဖြစ်သည်။

"ဟုတ်တယ်သူကြီး. . . ဦးလေကောကို ကျုပ်က ပစ္စည်းတွေ မပေးပါနဲ့၊ အဖိုးတန်ပစ္စည်းအဖြစ် ခင်ဗျားရဲ့ သမီးရတနာကိုပဲ ပေးပါလို့ လာတောင်းနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူကြီးအပြင် တစ်ရွာလုံး မျက်စိမျက်နှာ ပျက်နေကြလေသည်။

သစ္စာရေသောက်ထားလို့သာ ခားပြဗိုလ်က အကြမ်းမဖက်ဘဲ အေးအေးဆေးဆေး လာရောက်တောင်းခံနေခြင်း ဖြစ်ပုံရသည်။

နို့မို့ဆိုပါက ချိုအီမှာ ခားပြလက်ထဲသို့ အလျင်အမြန်ပါသွားမည့်ပုံရသည်။

"ကျုပ်ကလည်း ကျုပ်ရှိသမျှပစ္စည်း ယူပါလို့ ပေးပြီးပြီပဲ၊ ဒီသမီးတော့ မပေးနိုင်ဘူး၊ ပြီးတော့ ကျုပ်တို့ရွာကတိအတိုင်း မောင်ဖေနဲ့ မောင်ကိုထဲက တစ်ယောက်ယောက်နဲ့ ပေးစားဖို့ ရှိသေးတယ်၊ ကျုပ်လည်း သူတို့နဲ့ သစ္စာရေသောက်ထားတာ ပေးလို့ မဖြစ်ဘူး"

ဦးလေကော၏မျက်နှာမှာ နည်းနည်းခက်ထန်နေ၏။ ကြောက်သော်ငြားလည်း သူ့သမီးကိုတော့ ခားပြဗိုလ်လက်ထဲသို့ ဘယ်လိုနည်းနဲ့မှ အရောက်မခံနိုင်ပေ။

ခားပြဗိုလ်နှင့် ပေးစားမည့်အစား မောင်ဖေ (သို့)မောင်ကိုနှင့် သဘောတူမည်ဖြစ်သည်။

သို့သော်လည်း အခြေအနေမှာ ကျဉ်းထဲကြပ်ထဲ ရောက်နေ၏။ တစ်ရွာလုံးကလည်း ဦးလေကော၏ အခက်အခဲကို ရိပ်မိလိုက်ကြသည်။



ခားပြဗိုလ်မှာ ချိုအီကို မြင်မြင်ချင်း သဘောကျသော ကြောင့် လိုချင်နေတာ တစ်ပိုင်းသေနေပြီဖြစ်သည်။

အခြားရွာတွေဆိုပါက အခုလိုပင် လာပြောနေမှာ မဟုတ်ပေ။ မြင်းပေါ်ဆွဲတင်ပြီး တစ်ခါတည်း ခေါ်သွားမည်သာဖြစ်သည်။

အခုတော့ သူ့ကတိအတိုင်း သစ္စာရေဆိုတာလည်း သောက်ထားသောကြောင့် ညှိညှိနှိုင်းနှိုင်း လာပြောနေရခြင်း ဖြစ်သည်။

ညှိနှိုင်း၍မရပါက ဘာပဲဖြစ်ဖြစ် လုပ်မည်ဟု တွေးထားလိုက်သည်။ ခားပြဗိုလ်၏အတွေးကိုလည်း တစ်ရွာလုံးအပြင် ဦးလေကောကပါ ရိပ်မိလေ၏။

ထို့ကြောင့် မည်သို့ဆုံးဖြတ်ရမည်မှန်းမသိ ဖြစ်နေကြသည်။ မောင်ဖေနှင့် မောင်ကိုဘက်ကိုလည်း တစ်ချက်ကြည့်လိုက်၏။ သူတို့လည်း အကြံအိုက်နေပုံရသည်။

နဂိုကတည်းက သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်နှင့် သူ့သမီးကို မြန်မြန်ပေးစားခဲ့ရမှာဟုတွေးရင်း အခုမှ နောင်တ ရနေမိသည်။

"အဟမ်း"

ခားပြဗိုလ်က ချောင်းတစ်ချက်ဟန့်သည်။

သူ့ခါးတွင် ချိတ်ထားသော သေနတ်ကိုလည်း လက်က ကိုင်လိုက်၊ လွှတ်လိုက်လုပ်ရင်း ခြိမ်းခြောက်သလို လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဦးလေကောကလည်း တွေ့သည်။

"ဒီလိုလုပ်ပါလား ဗိုလ်ကြီး"

"ပြော. . . ဘာလုပ်ရမလဲ"

"ကျုပ်ကလည်း သူတို့နဲ့ သစ္စာရေသောက်ထားတာဆိုတော့ ကျုပ်သစ္စာလည်း မပျက်ရအောင်၊ ဗိုလ်ကြီးလည်း အဆင်ပြေအောင် သူတို့နဲ့အတူ ရွေးကောက်ပွဲ ဝင်ပြိုင်ပါလား၊ ဒါဆို အဆင်ပြေလား"

မဝံ့မရဲနဲ့ ပြောလိုက်သော်လည်း မားပြဗိုလ်မှာ တွေဝေသွားလေ၏။

အားလုံးကလည်း ဦးလေကောစိတ်ကူးကို သဘောကျကြလေ၏။ မားပြဗိုလ် သဘောတူ၊ မတူကိုသာ ရင်တထိတ်ထိတ်နဲ့ ဖြစ်နေလေသည်။

မားပြဗိုလ်ကလည်း ဦးလေကော စကားပြောသောအခါ တစ်ချက် စဉ်းစားပြန်၏။ ပုံမှန်အတိုင်းဆိုပါက ရွာသူရွာသားတွေက သူ့ကို ဘယ်လိုမှ မဲထည့်မည်မဟုတ်ချေ။ သို့သော် သူ့တွင် ဇွက်ဖဲ တစ်ခု ရှိနေသေးသည်။

"ကောင်းပြီလေ. . . ရွေးကောက်ပွဲမှာ ကျုပ်နိုင်ရင် ခင်ဗျားသမီး ချိုအိကို ကျုပ်ရပြီပေါ့"

"ဟုတ်. . . ဟုတ်ပါတယ်"

မားပြဗိုလ်၏ သဘောတူတော့မည့် အရိပ်အယောင် ပုံစံကြောင့် အားလုံး ဝမ်းသာသွားသည်။



ရွာသူ၊ ရွာသားတွေက ဘယ်လိုနည်းနဲ့မှ မားပြဗိုလ်ကို မဲထည့်မည်မဟုတ်ချေ။

"ဒါဆို. . . ကျုပ်က ကျုပ်နည်းကျုပ်ဟန်နဲ့ မဲဆွယ်ရမှာပေါ့"

■

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

နောက်တစ်နေ့တွင် ဓားပြဗိုလ်သည် ရွာသူရွာသားများ အားလုံးကို သူကြီးအိမ်တွင် စုဝေးစေ၏။

ရွာသူရွာသားများကလည်း ဘာများထူးလို့လည်းဆိုပြီး အရင်နေ့တွေတုန်းကထက် တက်တက်ကြွကြွ ရောက်လာခဲ့ကြသည်။

ဓားပြဗိုလ်နှင့် သူကြီးတို့သည် ခုံပေါ်တွင် ထိုင်နေ၏။ ဦးလေကောနှင့် ချိုအီကိုလည်း ခုံတစ်ခုတွင် ထိုင်ခိုင်းတာကို တွေ့ရသည်။

ဓားပြဗိုလ်ရှေ့ရှိ စားပွဲပေါ်တွင်တော့ သူကိုင်နေကျ သေနတ်ကို တင်ထားလေသည်။

ခဏအကြာတွင် ရွာရှိလူများ အကုန်ရောက်လာကြသောကြောင့် ဓားပြဗိုလ်က စကားစပြောလေသည်။

"အခုကိစ္စကတော့ အားလုံးသိပြီးတဲ့အတိုင်း ဦးလေကော



သမီး ချိုအီကို လက်ထပ်ယူဖို့ မောင်ဖော မောင်တိုတို့နဲ့အတူ ကျုပ်က ရွေးကောက်ပွဲ ဝင်မယ်ဆိုတာ အားလုံးသိပြီး ဖြစ်မှာပါ"

အားလုံး ငြိမ်သက်နေကြ၏။

ဓားပြဗိုလ်က စကား ဆက်ပြောလေသည်။

"ဒီတော့ ဒီရွာက ကတိစကားအတိုင်း ပစ္စည်းတွေယူထားတာ ရွာရဲ့ 30% ရှိနေပြီ၊ ဒီတော့ ကျန်တဲ့လူတွေရဲ့ပစ္စည်းယူဖို့ 70% နှုန်း ကျန်သေးတယ်"

"..........."

"ဒါကြောင့် ကျန်တဲ့ 70% ရဲ့ ပစ္စည်းတွေကို ကျုပ်က မယူတော့ဘူး၊ အဲဒီအစား ခင်ဗျားတို့က ကျုပ်နဲ့ ချိုအီကို သဘောတူပါတယ်ဆိုတဲ့ ထောက်ခံချက်ကိုပဲ လိုချင်တယ်"

"ဟင်"

"ဟာ"

"အို"

အားလုံးမှာ ဓားပြဗိုလ်၏ စကားကြောင့် ဆူဆူညံညံ ဖြစ်သွားကြလေ၏။

"ဟာ. . . ဘယ်ဖြစ်မလဲ"

"အဲဒီလိုလုပ်လို့ မရဘူးလေ"

တချို့က ကန့်ကွက်ကြသလို တချို့ကလည်း သူတို့ပစ္စည်း မယူတော့ဘူးဆိုသောကြောင့် တွေဝေသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကန့်ကွက်ဆုံးမှာ မောင်ဖေနှင့် မောင်ကိုဖြစ်လေသည်။ ဦးလေကောမှာလည်း အကြီးအကျယ် မျက်နှာပျက်နေလေ၏။ အခု ဓားပြဗိုလ် လုပ်သွားသည့်ကိစ္စသည် ဘောင်ထဲက လုပ်သွားခြင်း ဖြစ်သည်။

70% နှုန်းဆိုသော ရာခိုင်နှုန်းသည် သူ့သမီးကို ဓားပြဗိုလ် ရသွားစေနိုင်သော အတိုင်းအတာတစ်ခုဖြစ်သည်။

တချို့တွေက ပစ္စည်းမပါတော့ဘူးဆို၍ ဓားပြဗိုလ်ဘက်ကနေ ထောက်ခံချက် ပေးကောင်းပေးနိုင်သည်။

တချို့က ရွာကို သံယောဇဉ်ရှိ၍ ထောက်ခံချက် မပေးဘူး ဆိုပါက တောင်းဆိုချက်ကို ကြည်ကြည်ဖြူဖြူ မပေးသောကြောင့် ကတိအတိုင်း ပစ်သတ်ခံရနိုင်သည်။

"ဗိုလ်ကြီး အဲဒီလိုတော့ လုပ်လို့မရဘူးလေ"

မောင်ကိုက ပြောလိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲကွ၊ ငါကလည်း ငါ့နည်းငါ့ဟန်နဲ့ ဝင်ပြိုင်တာပဲ"

"အခုဟာက ဗိုလ်ကြီးက သေနတ်ပြပြီး မဲတောင်းနေသလို ဖြစ်နေတာပဲ"

"ငါတို့ သစ္စာရေသောက်တဲ့အထဲမှာ ပါတယ်လေကွာ၊ ငါလိုချင်တဲ့ တန်ဖိုးရှိတဲ့ပစ္စည်းကို ကြည်ကြည်ဖြူဖြူမပေးရင် ပစ်သတ်ခွင့်ရှိတယ်၊ အခု ငါလိုချင်တဲ့ပစ္စည်းကလည်း တန်ဖိုးရှိတဲ့



သူတို့ရဲ့ ထောက်ခံချက်ပဲလေ. . . မဟုတ်ဘူးလား မတော့နှစ်ချင် မင်းတို့လည်း အဲ့ဒီလိုလုပ်ပေါ့ကွ"

မောင်ကိုသည် ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်နေလေသည်။

ဒီအတိုင်းဆိုပါက ဓားပြဗိုလ်ဘက်က အသာစီးရနေပြီ ဖြစ်သည်။ တိတ်ဆိတ်နေသော မောင်ဖေဘက်ကို တစ်ချက် လှမ်းကြည့်လိုက်၏။

မောင်ဖေသည် ဒေါသထွက်နေပုံရပြီး အသားများလည်း တဆတ်ဆတ် တုန်နေလေ၏။

ဓားပြဗိုလ်က မောင်ဖေ ဘာပြောမလဲဆိုပြီး တစ်ချက် လှမ်းကြည့်လေ၏။

မောင်ဖေက ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် ပြောစရာရှိသည့်ပုံစံဖြင့် ဓားပြဗိုလ်ခုံနား တိုးသွားပြီး ရုတ်တရက်ဆိုသလိုပင် ဓားပြဗိုလ်၏ သေနတ်ကို လှမ်းကောက် ကိုင်လိုက်၏။

"ဟာ"

အားလုံး ကြောင်ကြည့်နေစဉ်မှာပင် မောင်ဖေသည် ဓားပြဗိုလ်ကို ပစ်မည်ထင်လိုက်သော်လည်း ရုတ်တရက်ဆိုသလိုပင် ချိုးအိဘက်သို့ သေနတ်ချိန်ကာ ပစ်လိုက်လေ၏။

"ဒိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမလေး. . . သမီးလေး"

"ဟာ. . . ဟော့ကောင် မောင်ဖေ"

အားလုံး ဝရုန်းသုန်းကား ဖြစ်သွားလေ၏။ ချိုအီ၏ ရင်ဘတ်တွင် သွေးများ လွှမ်းသွားပြီး ခုံပေါ်တွင် မှောက်ရက်လဲကျ သွားလေသည်။

မောင်ဖေကလည်း သေနတ်ကြီးကိုင်ကာ ကြောင်ပြီး ရပ်ကြည့်နေလေ၏။

မထင်မှတ်ဘဲ ရုတ်တရက်ဖြစ်သွားသော အဖြစ်အပျက် ကြောင့် ဓားပြဗိုလ်မှာ သတိဝင်လာပြီး မောင်ဖေလက်ထဲက သေနတ်ကို လုယူလိုက်၏။

ချိုအီ သွေးအလိမ်းလိမ်းနှင့် လဲကျသွားတာကိုကြည့်ပြီး ဒေါသထွက်နေသော ဓားပြဗိုလ်သည် လက်ထဲကသေနတ်ဖြင့် မောင်ဖေကို ပစ်လိုက်လေ၏။

"ဒိုင်း"

မောင်ဖေသည် သေနတ်ဒဏ်ရာဖြင့် လဲကျသွားသောကြောင့် နီးစပ်ရာလူများက မောင်ဖေကို ပြေးပွေ့ကြလေ၏။

"ဓားပြဗိုလ်နဲ့တော့ ချိုအီကို ဘယ်တော့မှ သဘောမတူဘူး" ဆိုပြီး မောင်ဖေမှာ အသက်ပျောက်သွားလေသည်။

အားလုံးမှာ ဒေါသအလိပ်လိပ်တက်လာပြီး ရှုန်းရင်းဆန်ခတ်



ဖြစ်မည့် အခြေအနေကြောင့် ဓားပြဗိုလ်သည် မိုးပေါ်ကို သေနတ် ထောင်ပစ်လိုက်ရလေ၏။

"ဒိုင်း"

"ဒိုင်း"

သေနတ်သံကြောင့် အားလုံး ငြိမ်ဝပ်ပိပြားသွားလေသည်။ လဲကျနေသော အလောင်းနှစ်လောင်းနှင့် ငိုကြွေးနေသော သူများကို ကြည့်ပြီး ဓားပြဗိုလ်ပင် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေလေ သည်။ ငိုကြွေးနေသော ဦးလေကောနှင့် အသက်ပျောက်နေပြီ ဖြစ်သော ချိုအီ။

"သမီးလေး. . . သမီးလေးရယ်. . . အဲဒါ အဖေ့ အမှားတွေပါ"

ဓားပြဗိုလ်သည် မထင်မှတ်ဘဲ ဖြစ်ပေါ်လာသော အဖြစ် အပျက်ကြောင့် တော်တော်တုန်လှုပ်သွားလေသည်။

မောင်ကိုသည်လည်း သူ့သူငယ်ချင်းကို တစ်ချက်ကြည့်ရင်း ငိုင်နေမိသည်။

တစ်ချိန်က သူနှင့်ပြိုင်ဘက်ဖြစ်ခဲ့သော မောင်ဖေတစ်ယောက် သေဆုံးသွားပြီဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ရွာရဲ့ထုံးစံအတိုင်း သေဆုံးသူများကို ညတွင်းချင်းပင် မြေမြှုပ်ရန် ပြင်ဆင်ကြလေသည်။

"ဦးလေကော. . . ခင်ဗျားမှာလည်း အပူတွေနဲ့ဆိုတော့ ဒီကိစ္စကို ကျုပ်ပဲ စီစဉ်လိုက်ပါမယ်"

သူကြီးဦးဝက အချိန်ပြည့် ငိုနေသော ဦးလေကောကို ပြောလိုက်ခြင်းဖြစ်သည်။ ဦးလေကောက ခေါင်းညိတ်ပြ၏။

"သူတို့နှစ်ယောက်ကို အတူတူမြှုပ်ပေးပါဗျာ"

မောင်ဖေအောင်နိုင်ရေးအဖွဲ့က တောင်းဆိုခြင်းဖြစ်သည်။

သူကြီးဦးဝကလည်း ဦးလေကောကို တစ်ချက်ကြည့်လိုက်၏။ မြှုပ်ပေးရမလားဆိုသည့် သဘောဖြစ်သည်။

ဦးလေကောကလည်း. . .

"မြှုပ်ပေးလိုက်ပါဗျာ၊ မောင်ဖေက ကျုပ်သမီးကို သိပ်ချစ်



တော့ သူနဲ့အတူတူ ခေါ်သွားတာဖြစ်လိမ့်မယ်"

တစ်ရွာလုံးသည် မောင်ဖေနှင့် ချို့အိရဲ့အဖြစ်တို့ ဝမ်းနည်း ကြေကွဲမဆုံး ဖြစ်နေကြလေသည်။

ပစ္စည်းသာမက လူကိုပါ ယူချင်သော စားပြဗိုလ်တို့လည်း မကျေမချမ်း ဖြစ်နေကြ၏။

သေနတ်တွေ မရှိပါက ထိုစားပြတွေ လွယ်မှာမဟုတ်ဘူး ဆိုပြီး ကြုံးဝါးကြလေ၏။

အခုတော့ မောင်ဖေနှင့် ချို့အိကိုသာ သနားဂရုဏာ သက်နေလေသည်။

တချို့ကလည်း မောင်ဖေသည် ချို့အိကို ချစ်တယ်လည်း ပြောသေးတယ်၊ သေနတ်နဲ့လည်း ပစ်သတ်ရက်တယ် ဆိုပြီး အပြစ်တင် ပြောဆိုကြ၏။

အချစ်ကြီးလို့ပါကွာဆိုပြီး တချို့က ပြန်ပြောကြသည်၊ ဘယ်လိုပဲဖြစ်ဖြစ် မောင်ဖေနဲ့ ချို့အိကတော့ သေဆုံးသွားပြီ ဖြစ်သည်။

ညနေဘက်တွင် မောင်ဖေနှင့် ချို့အိကို ရွာအပြင်ဘက် သင်္ချိုင်းတွင် သူကြီးဦးဝ ဦးဆောင်ကာ သွားရောက်မြှုပ်နှံကြလေ၏။

မောင်ဖေ၏ အလောင်းကို အရှေ့က သယ်ဆောင်လာပြီး နောက်တွင်တော့ ချို့အိ၏အလောင်းဖြစ်သည်။

ရွာအပြင်ထွက်ရမှာဖြစ်သောကြောင့် အားလုံးထွက်ပြေးမှု

www.burmeseclassic.com

www.burmeseclassic.com



မရှိစေရန် ဓားပြများက သေနတ်များကိုင်ကာ ဘေးကနေ ပါလာကြ၏။

"မောင်ဖေရေ. . . သူငယ်ချင်း၊ နောက်ဘဝကျရင် ချိုအီနဲ့ ပေါင်းရပါစေကွာ"

မောင်ဖေအောင်နိုင်ရေးအဖွဲ့ဝင်များက ဆုတောင်းပေးနေကြခြင်းဖြစ်သည်။

တချို့ကလည်း သူတို့နှစ်ယောက်အတွက် အသီးသီး ဆုတောင်းပေးနေကြ၏။

မောင်ကိုကတော့ မျက်ရည်ဝဲကာ နှုတ်ဆွံ့အနေပြီး ဆုတောင်းပေးမရဘဲ ဖြစ်နေလေသည်။

နောက်ခပ်လှမ်းလှမ်းကနေ ပါလာသော ဓားပြဗိုလ်သည် သူ့တပည့် ထိပ်တင်ဝင်းအား. . .

"ဟေ့ကောင်. . . ငါတို့မနက်ဖြန်ညနေအထိ ရသလောက် ပစ္စည်းတွေကိုယူပြီး ဒီရွာက ထွက်ခွာရမယ်၊ အခြေအနေ သိပ်မကောင်းတော့ဘူး"

ဟုဆိုပြီး တိုးတိုးလေး ပြောလိုက်လေတော့သည်။

■

(၂၈)

တစ်ရွာလုံးသည် တိတ်ဆိတ်နေလေ၏။ သူကြီးဦးဝ အိမ်ရှေ့ရှိ လူတန်းရှည်ကြီးများမှာလည်း စက်ရုပ်သဖွယ် ရွေ့လျားနေလေသည်။

မိမိတို့လက်ထဲက ပစ္စည်းများကိုကိုင်ပြီး ခုံတွင်ထိုင်နေသော ဓားပြဗိုလ်ထံသို့ အလှည့်ကျ အပ်နေကြခြင်းဖြစ်သည်။

ဓားပြဗိုလ်ကလည်း ယခင်နေ့များထက် ခပ်မြန်မြန်လုပ်နေလေသည်။ ရွာသူရွာသားများကလည်း ရွာထဲကနေ ဓားပြများ ထွက်သွားရင် ပြီးရောဆိုသည့်ပုံစံဖြင့် ရှိသမျှပစ္စည်းများကို စုပုံလာရောက် ပေးနေခြင်းဖြစ်သည်။

ဒါကိုရိပ်မိသော ဓားပြဗိုလ်သည် စာရင်းပင်မမှတ်နိုင်တော့ဘဲ လာအပ်သမျှကို အိတ်ကြီးတစ်အိတ်ထဲသို့ အတင်းထည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်နှစ်ယောက်၊ သုံးယောက်က ဘေးကနေ ဝိုင်းကူနေလေ၏။

“ရော့. . . ဒီမှာ ကျုပ်ရှိသမျှ အကုန်ပဲ”

အသံကြောင့် ခားပြဗိုလ် မော့ကြည့်လိုက်သည်။

ဦးလေကောက သူ့ပစ္စည်းများကို လာပေးနေခြင်းဖြစ်သည်။ မျက်နှာကတော့ ဝမ်းနည်းနေသည့်အသွင် ပေါ်နေလေ၏။

သူ့ပိုင်ပစ္စည်းများကို ကြည့်လိုက်သောအခါ အဖိုးတန်ပစ္စည်းအတော်များလေ၏။

ခားပြဗိုလ်၏ တပည့်တစ်ယောက်က ဦးလေကော၏ ပစ္စည်းများကို ခပ်သွက်သွက်သိမ်းလိုက်၏။

ထိုသို့ဖြင့် လူတန်းကြီးသည် တဖြည်းဖြည်းနှင့် နည်းလာရာ နောက်ဆုံး တစ်ယောက်သာ ကျန်လေတော့၏။

နောက်ဆုံးတစ်ယောက်ကတော့ မောင်ကိုပင်ဖြစ်သည်။

“မင်း. . . ပစ္စည်းတွေ များလှချည်လား”

သူ့ပစ္စည်းများကို လှည်းပေါ်သို့ တင်လာခြင်းဖြစ်သည်။

“ဟုတ်တယ်၊ ကျုပ်ဟာတွေကများတော့ လှည်းနဲ့သယ်မှ ရမယ်”

“ဘာတွေလဲ”

“စာအုပ်တွေ”

“ဟ. . . ငါတို့က အဲဒါတွေ ဘာလုပ်လို့ရမှာလဲ”



“ခားပြဗိုလ် အနားယူတဲ့အခါတို့ ဘာတို့ဆိုရင် ဖတ်လို့ရတာပေါ့၊ ခင်ဗျားတို့ပဲ အဖိုးတန်ပစ္စည်းတွေ လိုချင်တယ်ဆို. . . စာလေးဘာလေးတွေဖတ်တော့ ခင်ဗျားတို့ လည်း အဖိုးတန်လူတွေဖြစ်လာမှာပေါ့”

မောင်ကိုက ရိသဲ့သဲ့ပြောသော်လည်း ခားပြဗိုလ်က စာအုပ်များကိုမယူဘဲ ပစ်ထားလိုက်၏။

အချိန်သည် ညနေ သုံးနာရီထိုးပြီဖြစ်သည်။

ရွာသူရွာသားတွေ၏ အခြေအနေသည် အချိန်မရွေး ပေါက်ကွဲထွက်လာနိုင်သည့် အနေအထားကြောင့် ခားပြဗိုလ်သည် ရွာထဲကနေ ထွက်ခွာရန်အတွက် ချက်ချင်းပင် ဆုံးဖြတ်လိုက်သည်။

“ကဲ. . . ဟောကောင်တွေ ပစ္စည်းတွေ သိမ်းမယ်၊ အားလုံး အသင့်ပြင်ကြ၊ သွားမယ်”

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

လာစဉ်ကအတိုင်းပင် ဖုန်လုံးကြီးတလိုမ့်လိုမ့်ဖြင့် ခားပြများ အားလုံး ရွာထဲကနေ ထွက်သွားတာကို တစ်ရွာလုံးက ဝိုင်းကြည့်နေကြလေသည်။

ဝမ်းနည်းခြင်း၊ ဆုံးရှုံးခြင်းတို့နှင့်အတူ ရွာသူရွာသားများ အားလုံး၏ ရင်ထဲတွင် တူညီသည့် ခံစားမှုများ ခံစားနေကြရလေသည်။

တချို့က ခားပြများထွက်သွားတာကိုကြည့်ပြီး အော်ကြီးဟစ်ကျယ် ငိုချလိုက်လေ၏။

တချို့ကတော့ ကျိတ်ငိုနေလေသည်။ သူတို့ တစ်သက်လုံး ရှာထားသမျှအားလုံး ပါသွားခဲ့ပြီဖြစ်သည်။

ထို့ပြင် ရွာသည်လည်း သွေးလွှမ်းသွားခဲ့ပြီဖြစ်သည်။ သူတို့ မြင်ကွင်းထဲတွင် ဖုန်များငြိမ်သက်သွားပြီး ခားပြများ မမြင်ရသော



အခါမှသာ ရွာသူ၊ ရွာသားများသည် ရွာထဲသို့ ပြန်ဝင်ခဲ့ကြ၏။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ဘဲ ခေါင်းများငိုက်စိုက်ချကာ ရွာထဲသို့ ပြန်ဝင်လာကြ၏။

ဦးလေကောမှာလည်း မျက်ရည်မဆည်နိုင်အောင် ဖြစ်နေလေသည်။ တစ်ရွာလုံးသည် အရင်တုန်းကနဲ့မတူတော့ဘဲ အထူးပင် တိတ်ဆိတ်နေလေတော့၏။

ညနေခင်းများသည် အရင်တုန်းကလို ဆူညံလှုပခြင်း မရှိတော့။ တိတ်ဆိတ်မှုဖြင့် ကြောက်စရာကောင်းနေတော့သည်။

အိမ်များသည်လည်း ဟာလာဟင်းလင်းနှင့် အဖိုးတန် ပစ္စည်းများ မဲ့နေကြသည်။

အရင်ကဆိုရင် ခွေးဟောင်သံများ ကြားနေရသော်လည်း အခုတော့ ခွေးများပင် အဟောင်တိတ်နေတော့သည်။

ရွာလေး၏စိတ်ဓာတ်သည် အလဲလဲအပြိုပြို ဖြစ်ခဲ့ပြီဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

ထို့သို့ဖြင့် သုံးရက်ကြာ တိုက်ခဲ့သော
မားပြတိုက်မှုကြောင့်
သူတို့ရွာကလေးသည်
ပျော်ရွှင်မှုကင်းမဲ့သည့် ရွာလေးတစ်ရွာ
ဖြစ်လာခဲ့တော့သည်။

(၃၀)

ဓားပြတိုက်ပြီးတာ မကြာသောကြောင့် တစ်ရွာလုံး တိတ်တိတ်ဆိတ်ဆိတ်နဲ့ အေးငြိမ်းနေသော နေ့တစ်နေ့ဖြစ်သည်။

ကလေးတွေရဲ့ ရွာရိုးကိုးပေါက် လျှောက်ဆော့နေသော ဆူဆူညံညံအသံများကိုသာ ကြားရ၏။

လူကြီးတချို့က အရိပ်ရသစ်ပင်အောက်တွင် ထိုင်ရင်း ရေနွေးကြမ်းသောက်ကာ မောင်ဖေနှင့် ချိုအီအကြောင်းကို ပြောနေကြ၏။

နေက တစ်ချက်တစ်ချက် တိမ်အောက်မှ ထွက်လာပြီး ရိုးတိုးရိပ်တိတ် ပူနေ၏။

အိမ်ရှေ့မှ ဖြတ်လျှောက်သွားသော လူတစ်စုကို အိမ်ပေါ် တွင်ရှိနေသော လူကြီးတစ်ဦးမှ ရေနွေးသောက်ပါဦးလား ဆိုပြီး လှမ်းခေါ်နေသံကို ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

"ဖျတ်. . . ဖျတ်. . . ဖျတ်"

"နာတယ်ကွာ. . . ထိလိုက်ရမှာ"

ငှက်ကို လေးခွနဲ့ပစ်၍ မထိလိုက်သောကြောင့် ကလေးနှစ်ဦး၏ မကျေနပ်သံ။

ရွာအရှေ့ဘက်မှာတော့ အရင်တုန်းက မောင်ဖေအောင်နိုင်ရေး အအေးဆိုင်၊ အခုတော့ မောင်ဖေအမှတ်တရ ဆိုင်ဆိုပြီး ဖွင့်ထားသည့် အအေးဆိုင်တွင် လူများ တရုန်းရုန်း။

မလှမ်းမကမ်းတွင်တော့ အရင်တုန်းက မောင်ကိုအောင်နိုင်ရေး ကွမ်းယာဆိုင်၊ အခုတော့ ဘာနာမည်မှ မတပ်ထားဘဲ ပိတ်ထားသည့် ဆိုင်တစ်ဆိုင်ကတော့ ငြိမ်သက်နေ၏။

လေပူကြီးတစ်ချက် တိုက်သည်။

အနီးအနားရှိ လူများအားလုံး မျက်နှာများကို ကွယ်လိုက်ကြ၏။

"လေကလည်း ပူလိုက်တာကွာ"

"အေးကွာ"

ထိုစဉ် ရွာထဲသို့ တလိမ့်လိမ့် ဝင်လာသော ဖုန်လုံးကြီးများကို အဝေးကနေ တွေ့လိုက်ရ၏။

"ဟင်. . . ဖုန်တွေပါလား"

ဖုန်များကိုမြင်လျှင် ကြောက်နေကြသောသူများ အထိတ်



တလန့် ဖြစ်ကုန်ကြ၏။ ထို့ကြောင့် မမှိတ်မသုန် စိုက်ကြည့်နေသော ခဏအကြာတွင် မြင်းစီးလာနေသော သူများတို့ တွေ့လိုက်ရ၏။

"သေချာပြီ"

"သူတို့ ပြန်လာတာလား မသိဘူး"

"ဒုက္ခပါပဲ"

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ်မှာ လူတစ်ယောက်၏ အော်ပြောသံကြောင့် အားလုံး တိတ်ဆိတ်သွားလေသည်။

"ဟာ. . . ရှေ့ဆုံးက မြင်းပေါ်မှာ မောင်ဖေနဲ့ ချိုအိမှတ်လား"

"ဟင်"

■

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါသည်။ ရှေ့ဆုံးကမြင်းပေါ်တွင် မောင်ဖေနှင့် ချိအိကို တွေ့ရပြီး သူတို့နောက်တွင်လည်း ပစ္စည်းအိတ်များ ကိုင်ဆောင်လာသော မြင်းစီးသမားများကို တွေ့လိုက်ရ၏။

## အီဖေကိုယ်

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

"သူကြီး"

"ဟေ"

ခြံထဲသို့ ပြေးဝင်လာသော မောင်ဖေကြောင့် သူကြီးမှာ ထိုင်နေရာမှ ကမန်းကတန်း ထလိုက်၏။

"သူကြီး ဓားပြဗိုလ်က ချိုအီတို့အိမ်ကို ဝင်သွားတယ်တဲ့၊ အဲဒါ သူကြီး သိပြီးပြီလား"

"ဟေ. . . ဟုတ်လား၊ သူက ဘာသွားလုပ်တာလဲ"

"မသိဘူး. . . မောင်ကိုရယ်၊ တစ်ရွာလုံးရယ်တော့ ဦးလေကောအိမ် သွားကြပြီ၊ ကျွန်တော် သူကြီးကို ပြောစရာရှိလို့"

"ဘာပြောမလို့လဲ"

"ဒီအခြေအနေအတိုင်းဆိုရင် ဓားပြဗိုလ်က ကျွန်တော်တို့ရွာအတွက် စိတ်မချရဘူး သူကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မင်းက ဘာလုပ်ချင်လို့လဲ"

"ကျွန်တော့်ဆီမှာ လက်ဆောင်ရထားတဲ့ ရာဘာကျည်ဆန်တွေ ရှိတယ်"

"အဲ့ဒီတော့"

မောင်ဖေသည် ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။ အခြားလူများ မတွေ့သောအခါမှပင် သူစကားကို ဆက်ပြော၏။

"ဒီကိစ္စကို သူကြီးရယ်၊ ကျွန်တော်ရယ်၊ ချိုအီရယ်ပဲ သိပါစေ သူကြီး"

"အေးပါ"

"သူကြီးက ညကျရင် မားပြဗိုလ်ရဲ့သေနတ်ထဲက ကျည်တွေကိုထုတ်ပြီး ကျွန်တော့်ကျည်ဆန်တွေနဲ့ လဲပေးရမယ်"

"လွယ်ပါ့မလားကွ"

"လွယ်ပါတယ်၊ ဟိုတစ်နေ့က သူကြီးတို့အိမ်ကို ကျွန်တော် ညဘက်ကြီးလာသေးတယ်လေ မှတ်မိလား"

"အေး. . . မှတ်မိတယ်"

"အဲ့ဒီတုန်းက မားပြဗိုလ်က သူ့သေနတ်ထဲက ကျည်တွေ ထုတ်ပြီး တိုက်ချွတ်နေတာ တွေ့ရတယ်၊ သူ အမြဲတမ်း အဲဒီလို လုပ်ပုံရတယ်"

"အေး. . . အဲ့ဒါတော့ ဟုတ်တယ်၊ ငါလည်း ညတိုင်း တွေ့နေရတာ"



"အဲ့ဒီအချိန်မှာ သူကြီး အကြံအဖန်လုပ်ပြီး ကျည်ဆန်တွေကို လဲပြီး ထည့်ထားလို့ရတာပဲ"

"လွယ်ပါ့မလားကွ၊ သူက ငါ့ကို ယုံတာမဟုတ်ဘူး"

"ကြံဖန်ရမှာပေါ့ သူကြီးရယ်၊ မျှော်လင့်ချက်က အဲဒီ တစ်ခုပဲ ရှိတော့တာ"

"ဒါဆိုလည်း ငါကြိုးစားကြည့်လိုက်မယ်"

ဟု သူကြီးက တွေဝေစွာဖြင့် ပြောလေ၏။

"လဲထားပြီးလား၊ မလဲထားလားဆိုတာကို ကျွန်တော့်ကို မျက်ရိပ်မျက်ခြည်ပြဦး၊ ပြီးတော့ ချိုအီကိုလည်း သူကြီးပဲ ပြောပေးရမယ်၊ သူ့အကျီမှာ ကျွန်တော် ခဏကြာရင် လုပ်ပေးလိုက်မယ့် သွေးတုအထုပ်ကို အမြဲထည့်ထားဖို့ ပြောပေးရမယ်၊ ပြီးရင် အကယ်၍ ကျွန်တော်တို့ နှစ်ယောက်စလုံး သေနတ်ပစ်ခံရလို့ လဲကျသွားရင် သူကြီးက ဦးစီးပြီး မြေမြှုပ်ပေးရမယ်။ ဘယ်သူမှ မပြောပါနဲ့ သူကြီး"

"မင်းဟာက ဖြစ်ပါ့မလား"

"ဒီနည်းလမ်းပဲရှိတော့တယ် သူကြီး၊ ကျွန်တော်တို့က ဒီအတိုင်းဆိုရင် ဘယ်လိုနည်းနဲ့မှ ရွာအပြင်ထွက်ပြီး တခြားရွာကို အကူအညီတောင်းလို့ မရဘူး ဖြစ်နေတယ်"

"အဲဒါတော့ ဟုတ်တယ်"

"အခုအတိုင်းသာ အဆင်ပြေခဲ့ရင် ကျွန်တော်တို့ကို

www.burmeseclassic.com



မြေမြှုပ်တဲ့အခါ အလွယ်တကူ ပြန်ဖော်လို့ရအောင် မြေမြှုပ်ပေးခဲ့ပါ။ ဒါမှ ကျွန်တော် အရင်ထွက်၊ ပြီးရင် ချိုအီကိုခေါ်ပြီး တခြားရွာကို အကူအညီ သွားတောင်းလို့ရမှာ"

"ချိုအီကို မထည့်လို့ မရဘူးလား"

"ချိုအီပါ ပါမှ ဓားပြဗိုလ်အပြင် အားလုံးက ယုံမှာပေါ့"

သူကြီးဦးဝသည် မောင်ဖေပြောသည့်ကိစ္စကို အပြည့်အဝလက်ခံခြင်းမရှိသော်လည်း လုပ်စရာနည်းလမ်း မရှိသောကြောင့် လုပ်ဆောင်ပေးရန် သဘောတူလိုက်သည်။

ဦးလေကောအိမ် ရောက်သောအခါတွင် ပိုက်နာချင်ယောင်ဟန်ဆောင်ပြီး မောင်ဖေပေးလိုက်သော သွေးအိတ်နှင့်အတူ ပြုလုပ်ရန်ကိစ္စများအား ချိုအီကို ပြောပြလိုက်၏။

ပထမတော့ ချိုအီက ငြင်းဆန်နေသေးသည်။ နောက်မှသာ သဘောတူလက်ခံပြီး သွေးအိတ်ကို ယူထားလိုက်သည်။

■

"ဒိုင်း"

"ဒိုင်း"

သေနတ်သံနှစ်ချက်နှင့်အတူ လူနှစ်ယောက်၏ အလောင်းများသည် သွေးအလိမ်းလိမ်းဖြင့် မြင်မကောင်းအောင် ဖြစ်သွားသည်။ အော်ဟစ်သံများ၊ ငိုကြွေးသံများသည်လည်း တစ်ရွာလုံး ပျံ့နှံ့သွား၏။ သေဆုံးသွားသော အလောင်းနှစ်လောင်းကိုလည်း ရွာ၏ထုံးစံအတိုင်း ချက်ချင်းပင် မြှုပ်နှံရန် ပြင်ဆင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

အသက်ကို ဝအောင်ရှူလိုက်ရ၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသောကြောင့် အသုဘလာပို့သောသူများ ပြန်သွားကြပုံရသည်။

ရာဘာကျည်ဆန်ထိထားသောရင်ဘတ်က အနည်းငယ်နာကျင်နေသော်လည်း ဒီမွန်းကြပ်တဲ့အထဲကနေ အမြန်ထွက်မှရမည်။

ဦးဝပြောထားသည့်နေရာမှ လက်ကိုင်ဘုလိုအရာလို ပင့်တင်လိုက်၏။ မြေကြီးများ သိပ်မဖုံးထားသောကြောင့် လွယ်လင့်တကူပင် အသုဘအခေါင်းသည် ပွင့်သွားကာ မြေကြီးများသည် သူ့အပေါ်သို့ ပြုတ်ကျလာလေ၏။

"ဒုန်း. . . ဒုန်း. . . ဒုန်း"

အပြင်လောက လေကို အားရပါးရ ရှူရှိုက်လိုက်ရင်း အသံ



တစ်သံကြောင့် ချက်ချင်းပင် နားစွင့်လိုက်သည်။

ချိုအိ. . . ချိုအိက အသုဘအခေါင်းထဲကနေ ထွက်လို့မရဘဲဖြစ်နေသောကြောင့် တဒုန်း. . . ဒုန်း ထုနေခြင်းဖြစ်သည်။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။ ရွာအပြင်ဖြစ်သောကြောင့် ဓားပြများကိုလည်း မတွေ့ရပေ။ ဘေးနားက သင်္ချိုင်းအုတ်ဂူများကိုကြည့်ရင်း ကြက်သီးပင် ထမိသည်။

ချိုအိအခေါင်းပေါ်မှာ အုပ်နေသော မြေကြီးများကို ဖယ်ပြီးနောက် အခေါင်းအဖုံးကို ဆွဲဖွင့်လိုက်သည်။

မောဟိုက်ပြီး ကြောက်လန့်နေသော ချိုအိရဲ့ မျက်နှာချိုချိုလေးကို တွေ့လိုက်ရသည်။

"ရှင်ပြောတဲ့တံခါးက ဖွင့်လို့လည်း မရဘူး၊ ကျွန်မဖြင့်သေပြီလို့တောင် ထင်နေတာ"

ဟု ပြစ်တင်စကားဆိုလေ၏။

မောင်ဖေက ချိုအိကို လက်ကဆွဲပြီး ထုမလိုက်ကာ တွင်းထဲကနေ အပြင်ကို ဆွဲတင်လိုက်သည်။

ထို့နောက် သူ၏အခေါင်းရော ချိုအိရဲ့အခေါင်းကိုပါ ပြန်ဖုံးပြီး မြေကြီးများ ပြန်ဖို့လိုက်၏။

"အခု ဘာဆက်လုပ်မှာလဲ"

ချိုအိက မှောင်မည်းနေသော ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး ကြောက်ကြောက်လန့်လန့် ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့နဲ့ အနီးဆုံးရွာကိုသွားပြီး အကူအညီတောင်းမယ်လေ၊ ဒါမှ ဓားပြတွေလာမယ့်လမ်းကနေ စောင့်ဖမ်းလို့ရမှာ"

"ဟင်. . . အဝေးကြီးပဲ၊ အချိန်မီပါ့မလား"

"လာပါ. . . ကိုယ် ဖြတ်လမ်းသိပါတယ်"

မောင်ဖေက ချိုအီလက်ကို ကိုင်လိုက်၏။

ချိုအီ ဘာပြောမလဲဆိုပြီး မောင်ဖေက နားစွင့်နေသော်လည်း သူမက တစ်ခွန်းမှ မပြောသောကြောင့် သူမ လက်ကလေးကို ကိုင်ကာ အမှောင်ထဲသို့ တိုးဝင်လိုက်လေသည်။

တစ်ညလုံးနှင့် တစ်မနက်လုံး မရပ်မနား ခရီးနှင်ပြီးနောက် သူတို့နှစ်ယောက်သည် သူတို့ရွာနှင့်နီးသော ရွာလေးတစ်ရွာသို့ ရောက်သွားကြလေ၏။

ဓားပြတွေ ပြန်မယ့်လမ်းသည် တစ်လမ်းသာ ရှိသည်။

■

ထိုသို့ဖြင့်

မောင်ဖေနှင့် ချိုအီတို့၏ စွန့်စားခန်းသည်

တစ်ရွာလုံး ပြောမဆုံးနိုင်အောင် ဖြစ်သွားကြ၏။

သူတို့ပစ္စည်းများလည်း ပြန်ရသည့်အတွက်

တစ်ရွာလုံး လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာကြသည်။

မောင်ဖေသည်လည်း တစ်ရွာလုံး၏ သူရဲကောင်း ဖြစ်လာလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

အလှူပွဲသည် စည်ကားသိုက်မြိုက်စွာ ကျင်းပနေလေ၏။ မဏ္ဍာပ်ကြီးမှာလည်း ဟီးထနေလေသည်။ အလှူရှေ့တွင် လာသမျှလူများကို အော်ဟစ်နှုတ်ဆက်နေသော ဦးလေကောကို ကြည့်ခြင်းအားဖြင့် ဤအလှူသည် ဦးလေကော၏ အလှူမှန်း သိသာနေသည်။

"ကဲ. . . အဲဒီမှာ ထည့်သွားနော်. . . ပြီးရင် ဝင်စားကြ"

မမောနိုင်၊ မပမ်းနိုင်ဘဲ အော်ဟစ်နှုတ်ဆက်နေသည်။

အလှူလာသော သူများကလည်း လက်ထဲတွင် ကိုင်ထားသော ကဒ်ပြားလေးများကို အလှူမဏ္ဍာပ်ရှေ့ရှိ ပုံးတွင်ထည့်ပြီး အလှူထဲ ဝင်ရောက်စားသောက်ကြ၏။

အားလုံး၏ မျက်နှာများသည် ပြုံးပျော်နေကြ၏။ ယနေ့သည် ဦးလေကော၏ ရှာလုံးကျွတ်ဖိတ်သော အလှူဖြစ်သလို ကတိအတိုင်း သူ့သမီးချိုအိ၏ အိမ်ထောင်ဖက် ရွေးချယ်သောနေ့လည်းဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အလှူမတိုင်ခင်ကတည်းက ဝေထားသော ဖိတ်စာများသည် ယခုအခါ အလှူမဏ္ဍာပ်၏ ရှေ့ပုံးထဲသို့ အသီးသီး ရောက်ရှိနေပြီ ဖြစ်သည်။

ထိုစဉ် ဝတ်ကောင်းစားလှ ဝတ်ထားသော လူငယ်လေး တစ်ယောက်သည် အလှူမဏ္ဍာပ်ရှေ့သို့ ရောက်လာ၏။

လက်ထဲတွင် ကိုင်ထားသော ဖိတ်စာကို တစ်ချက်ကြည့် လိုက်သည်။ မောင်ဖေနှင့် သင့်တော်သည်ဆိုသည့်အကွက်တွင် အမှန်ခြစ်ထားတာကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက် ပုံးထဲသို့ ထည့်လိုက်လေသည်။ ဤတွင် ဦးလေကောက ထိုလူငယ်ကို မြင်သွားပြီး. . .

“ဟာ. . . မောင်ကို လာလေ”

ဟု လှမ်းခေါ်လိုက်လေ၏။

မောင်ကိုကလည်း ပြုံးရွှင်ရယ်မောစွာဖြင့် မဏ္ဍပ်ထဲသို့ ဝင်သွား၏။ တစ်ရွာလုံးအတွက် လုပ်ဆောင်ပေးခဲ့သော မောင်ဖေ အတွက် သူချစ်ရသောသူအား ပေးဆပ်ရခြင်းသည် ယခုအချိန် မှာတော့ သူ့အတွက် ကြည်နူးစရာတစ်ခု ဖြစ်နေပေတော့သည်။

လေးစားစွာဖြင့်

လူနေ

$$
\begin{array}{rrrrr}
 & & 1 & 6 & 9 \\
 & \times & 1 & 6 & 9 \\
\hline
 & 1 & 5 & 2 & 1 \\
1 & 0 & 1 & 4 & \\
1 & 6 & 9 & & \\
\hline
2 & 8 & 5 & 6 & 1
\end{array}
$$

www.burmeseclassic.com